MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 1, No, 6, October 2022

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး



● နေပြည်တော်၊ အောက်တိုဘာလ(၁၇)ရက်။

နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ခရီးစဉ်၌ လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ အားကစားကွင်း ရှင်းလင်းဆောင်၌ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ် လူမှုရေးဝန်ကြီး ဦးစိုးလွင်တို့က ဇွဲကပင်အားကစားကွင်းအား နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်

စာမျက်နှာ(၂)သို့





မျက်နှာဖုံးသတင်း ···မှ စာဆက်

သက်၍ နိုင်ငံတော် စီမံ အုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကွင်းသည် ပြည်နယ်အဆင့်နှင့်လျော်ညီရမည်ဖြစ်ပြီး နောင်တွင် တိုးတက်လာမည့် လူဦးရေတို့ကိုပါ ထည့်သွင်းတွက်ချက်၍ ဝင်ဆံ့မှုကို ရေရှည်မျှော်တွေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားကွင်းအနီး၌ ပြည်နယ်အဆင့်နှင့်လျော်ညီသည့် မိုးလုံလေလုံအားကစားရုံအသစ်တစ်ခု ဆောက်လုပ်နိုင်ရေး၊ ဒိုင်ဗင်စင်ပါ အဆင့်မီရေကူးကန် တည်ဆောက်ရေး လျာထားတင်ပြရန်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားနည်းမျိုးစုံကို အဆင့်မီစွာ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး၊ ပြည်နယ် Sport Complex တစ်ခုကို ဖော်ဆောင်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်၊ အောက်တိုဘာလ(၁၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်(၅)ဦးတို့အား ယနေ့ နံနက်(၁၁း၀၀)နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Chen Hai က မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ကောင်းမွန်သောရလဒ်များ ရရှိခဲ့သည်ကို တွေ့မြင်ရပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင် လမ်းညွှန်မှုဖြင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့်ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် အကျိုးစီးပွားဖြစ်ထွန်းစေ

>>>









# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ဘတ်စကက်ဘောပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေး

ရန်ကုန်၊ အောက်တိုဘာလ(၁၈)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်(၈)နာရီ အချိန်က ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာ တောင်ညွန့် မြို့နယ်ရှိ အောင်ဆန်း အားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။





ဦးစွာ အစည်းအဝေးခန်းမတွင် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းမှ အောင်ဆန်းအားကစားပြိုင်ဝင်း၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ လက်ရှိ ပွဲကြည့်စင် ပရိသတ်ဝင်ဆံ့မှု အခြေအနေ၊ အဆောက်အဦများ ပျက်စီးမှုအခြေအနေနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား Powerpoint ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်ချက်များအား လမ်း

စာမျက်နှာ(၄)သို့





ရန်အတွက် တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား အဓိက ဆွေးနွေးလိုပါကြောင်း ပြောကြားခဲ့ပါသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်နှစ်များကပင် တရုတ်-မြန်မာ နှစ်နိုင်ငံ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများ ရှိပါကြောင်းနှင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံကို ကူညီ ထောက်ပံ့ပေးမှုများအတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တရုတ်နိုင်ငံသို့ Joint Training ခေါ်ယူလေ့ကျင့်ပေးခဲ့မှုနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့် မြန်မာအားကစားသမားများကို Joint Training ထပ်မံခေါ်ယူ လေ့ကျင့်ပေးမည်ဆိုသည့်အတွက်လည်း အထူးဝမ်းသာပါကြောင်း၊ မြန်မာ့အားကစား လောကအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံ၏ အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးရေးကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

















စာမျက်နှာ(၃)မှ စာဆက်

ညွှန်မှာကြားပြီးနောက် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ ပွဲကြည့်စင်များ ပျက်စီးနေသော အဆောက်အဦးအနေအထားများ၊ ခြံစည်းရိုးများ၊ ဘောလုံးကွင်းနှင့် ကွင်းပတ်လည်ရှိ ရေစီးရေလာ ကောင်းမွန်ရန်ကိစ္စ ရပ်များ၊ ဘော်လီဘောလေ့ကျင့်ရေးရုံ အတွင်းရှိ လူဦးရေ ဝင်ဆံ့နိုင်မှု အနေအထားများ၊ ပြင်ဆင်ရန်လိုအပ်သည့် အနေအထားများအား ကြည့်ရှုစစ်ဆေးလမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ ဘောလုံးကွင်းသို့ ရောက်ရှိလာပြီး ဘောလုံးကွင်းအား လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်အားကစားကွင်းသို့ ရောက်ရှိပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် လေ့ကျင့်နေသော လက်ရွေးစင်အားကစားသမားများ၏လေ့ကျင့်နေမှုအား ကြည့်ရှုအားပေး၍ အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားရာတွင် ကျန်းမာကြံ့ခိုင်ပြီး လေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် တန်ဆေး လွန်ဘေး မဖြစ်စေရန် အပိုင်းလိုက် လေ့ကျင့်ရမည့် ကိစ္စရပ်များ၊ နည်းပြများ၏ သွန်သင်ဆုံးမမှုများကို လိုက်နာ၊ နာခံပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်မှု၊ စံချိန်ကောင်းများရရှိအောင် နှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိလာအောင် ကြိုးစားကြရန်၊ ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည် တတိယ ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြိုင်ပွဲ ယှဉ်ပြိုင်ကစားရာ၌














နောက်ဆုံးအကြိမ်အထိ ငွဲမလျှော့ဘဲ ငွဲ၊ စိတ်ဓာတ်၊ ခံနိုင်ရည်ရှိစွာဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးခန်း၌ ဥက္ကဋ္ဌဦးဇော်ထိန်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသိန်းထွေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ တင်းနစ်အဖွဲ့ချုပ်၏ ဆက်လက် ဆောင်ရွက်နေသည့် လုပ်ငန်းကိစ္စရပ်များ၊ ကွင်းပြုပြင်တည်ဆောက်နေမှု အခြေအနေများ ၊ အားကစားသမားများအတွက် နေထိုင်စားသောက်ရေးကိစ္စရပ်များ၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးကိစ္စရပ်များ၊ နည်းပြများ၏ အတွေ့အကြုံများအရ လေ့ကျင့်သင်ကြားပေးမှုများ၊ ပြောင်းလဲနေသည့်နည်းစနစ်များ နှင့်အညီ သင်ကြားပေးရန် ကိစ္စရပ်များ၊ အဖွဲ့ချုပ်ရှိ တာဝန်ရှိသူများ အားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ညှိနှိုင်း ကြိုးစား ဆောင်ရွက်ပေးကြပါရန် မှာကြားပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌမှ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ ရောက်ရှိလာပြီး ၂၀၂၂ ခုနှစ်၊ အမျိုးသားတံခွန်စိုက် (အမျိုးသား/အမျိုးသမီး)ဘတ်စကက်ဘောပြိုင်ပွဲတွင် RRY အသင်းနှင့် M.O.H.A အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။

# စားပွဲတင် တင်းနစ်အားကစားနည်း ဆောင်ပုဒ်



မြန်မာ့စားပွဲတင်တင်းနစ် အရှိန်အဟုန်မြင့်
ကမ္ဘာကိုလွှမ်းအောင် တို့စွမ်းဆောင်

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ အောက်တိုဘာလ(၂၁)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ယနေ့ နံနက်(၇)နာရီနှင့် ညနေ(၃)နာရီခွဲ အချိန်တို့တွင် ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်စိုးမိုးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် (၇)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၃)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီးအသင်းမှ ရခိုင်ပြည်နယ်အသင်းကို (၃)ဂိုး၊ ဂိုး(မရှိ)ဖြင့်လည်းကောင်း၊ ညနေ (၃)နာရီခွဲအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၁)၌ မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မွန်ပြည်နယ်အသင်းမှ ပဲခူးတိုင်းဒေသကြီးအသင်းကို (၅)ဂိုး ဂိုး(မရှိ)ဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၃)၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၃)ဂိုး(၁)ဂိုးဖြင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။









## အားကစားစိတ်ဓာတ်

အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းကမ်း စည်းမျဉ်းများကိုသာမက နည်းပြဆရာ၊ အုပ်ချုပ်သူ၊ အားကစားဆေးပညာရှင် အစရှိသောသူများ ပြိုင်ပွဲတာဝန်ရှိပုဂ္ဂိုလ်များ၏ လမ်းညွှန်မှုနှင့် အဆုံးအဖြတ်တို့ကို တိကျလေးစားစွာလိုက်နာရပါမည်။

အားကစားယှဉ်ပြိုင်ရာတွင် အားကစားသမားတိုင်းသည် ပွဲကြည့် ပရိသတ်တစ်ခုလုံး စော်ကားသည့် ရိုင်းပြ ညစ်နွမ်းသော အပြုအမူအပြောအဆိုများကို မပြုမိစေရန် ဆင်ခြင်ရပါမည်။တစ်နည်းအားဖြင့် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်းရပါမည်။

# ၂၀၂၂ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ















● ကရင်၊ အောက်တိုဘာလ(၄)ရက်။

၂၀၂၂ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ (၃)နာရီအချိန်က အောင်သံလွင် အားကစားကွင်း၊ ဘောလုံးကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ တက်ရောက်အားပေး ချီးမြှင့်ခဲ့ပါသည်။

ရှေးဦးစွာပြိုင်ပွဲဝင်မြို့နယ်အသင်း (၇)သင်းမှ ကွင်းအတွင်းနေရာယူပြီး ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြပြီးနောက် အ-ထ-က(၄)ကျောင်း ဘင်ခရာ၊ ပန်းပွားအဖွဲ့မှ သရုပ်ပြသခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်မှ အ-ထ-က(၄)ကျောင်း ဘင်ခရာ ၊ ပန်းပွားအဖွဲ့အား ဂုဏ်ပြုငွေ ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဖွင့်ပွဲ ပြိုင်ပွဲ ပွဲစဉ်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းနှင့် ဘားအံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံမြို့နယ်အသင်းမှ ၁၀ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ယနေ့ပွဲစဉ်၌ ဘားအံမြို့နယ်မှ ကျောနံပါတ် (၄) နန်းစနေမမှ အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

● စစ်ကိုင်း၊ အောက်တိုဘာလ(၇)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက် ခရိုင်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် အမှာစကားပြောကြားရာတွင် အသက်(၁၆)နှစ်အောက်ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ကျင်းပပြုလုပ်၍ ထူးချွန်အားကစားသမားများကို (၂)လနီးပါး

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်မှ စစ်ကိုင်းတိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် ဘောလုံး









ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးအသင်းအား အောင်နိုင်ရေး အလံ ပေးအပ်ပွဲကို ယနေ့ နံနက် (၈း၀၀)နာရီအချိန်တွင် စစ်ကိုင်းမြို့ ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်မှ အဖွင့် ရွေးချယ်စုဖွဲ့ လေ့ကျင့်ပေးခဲ့သဖြင့် ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိရေး ကြိုးစား ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အသင်းအား ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၀ သိန်းတိတိ ပေးအပ်ပြီးနောက် အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများတွင် ရှမ်းပြည်နယ်ဂုဏ်ဆောင်ဆုရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

● တောင်ကြီး၊ အောက်တိုဘာလ(၈)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများ (ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ဘီလိယက်/စနူကာ)တွင် ဆုရရှိခဲ့ကြသော ရှမ်းပြည်နယ် ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုခြင်း အခမ်းအနားကို ယနေ့ နံနက်(၀၉း၀၀) နာရီအချိန်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ရှမ်း

>>>>









# ၂၀၂၂ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ကရင်၊ အောက်တိုဘာလ(၈)ရက်။

၂၀၂၂ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ(၃)နာရီအချိန် အောင်သံလွင်အားကစားကွင်း၊ ဘောလုံးကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘောလုံး ဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကော့ကရိတ် မြို့နယ်အသင်း နှင့် ဘားအံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံမြို့နယ်အသင်းမှ ကော့ကရိတ်မြို့နယ်အသင်းကို (၂)ဂိုး (၁)ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ပါသည်

စာမျက်နှာ(၁၀)သို့















ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်ဆုရ အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့်ဂုဏ်ပြုပွဲ အခမ်းအနားကတော့ အင်မတန်မှကျက်သရေမင်္ဂလာရှိတဲ့ပွဲဖြစ်တာနဲ့အညီ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများတွင် ရှမ်းပြည်နယ် ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးဆုရအားကစားသမားများကို ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး ဘတ်စကက်ဘော ပရိသတ်များရဲ့ရှေ့မှောက်တွင် ပြိုင်ဘက်အသင်းများအား ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့၍ ၅×၅ နှင့် ၃×၃ ပြိုင်ပွဲများတွင် တံခွန်စိုက် ပထမဆုဖလားကြီးများကို ဆွတ်ခူးရရှိခဲ့သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အလားတူ ကြက်တောင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဘီလီယက်/စနူကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့၍ ထပ်ဆင့်ဂုဏ်ယူမိပါကြောင်း၊ ပြည်နယ်ရဲ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးကြတဲ့ အားကစားသမားအားလုံးရဲ့ စွမ်းဆောင်နိုင်မှုများကို မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ ယခုရရှိထားသည့်အောင်မြင်မှုတွင် ရပ်တန့်မနေဘဲ နောင်လာမည့် ပြိုင်ပွဲများမှာလည်း ယခုထက် ပိုမို အောင်မြင်အောင်စွမ်းဆောင်ပြီး ပြည်နယ်နှင့် နိုင်ငံရဲ့ဂုဏ်ကို အားကစားဖြင့် ဆထက်ထမ်းပိုးတိုး၍ မြှင့်တင်နိုင်ကြစေလိုပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်ရဲ့အားကစားအဆင့်အတန်းမြင့်မားလာစေရန်အတွက် ဘက်ပေါင်းစုံကနေ အမြဲတမ်းအားပေးဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသွားကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်ဝန်ကြီးများမှ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၁၆၆)သိန်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသဦးစီးဥက္ကဋ္ဌ ဦးမြင့်ဆွေမှ ဘတ်စကက်ဘောပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း(၃၄၀)၊ စုစုပေါင်းငွေကျပ်(၅၀၆)သိန်းတိတိ/- နှင့် ဂုဏ်ပြု မှတ်တမ်းလွှာနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်မှ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းသိရှိရပါသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကာ လွှက်ရည်/အချိုပွဲများဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။


















စာမျက်နှာ(၉)...မှစာဆက်




ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ ကြက်ခြေနီတပ်ဖွဲ့ ဂုဏ်ပြုငွေအား ကရင်ပြည်နယ် အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှလည်းကောင်း၊ ဒိုင်လူကြီးအဖွဲ့ ဂုဏ်ပြုငွေအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ဥပဒေချုပ်၏ဇနီး ဒေါ်သန်းသန်းအေးမှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဗိုလ်လုပွဲနေ့ အကောင်းဆုံး အားကစားသမားဆုကို ကရင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး၏ ဇနီး ဒေါ်မာယဉ်အေးမှလည်းကောင်း၊ ဆက်လက်ပြီး ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာ ဝန်ကြီး၏ဇနီး ဒေါ်နန်းမြင့်မြင့်အေးမှ လည်းကောင်း၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်မှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်ပြီး အစီအစဉ်အရ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများအား ဆက်လက် ချီးမြှင့်ခဲ့ရာ ဂိုးသမားအကောင်းဆုံး အားကစားသမားဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းမှ ကျောနံပါတ် (၁၈)နန်းဝင်းလဲ့ဝါအား ကရင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးမှ ဆုကလပ်နှင့်ငွေသားဆုအား ပေးအပ် ချီးမြှင့်ခဲ့ပါသည်။ နောက်တန်းအကောင်းဆုံး အားကစားသမားဆုရရှိသော ဘားအံမြို့နယ်အသင်းမှ ကျောနံပါတ် (၄) နန်းစနေမအား ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်မှ ဆုကလပ်နှင့် ငွေသားဆုအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ အလယ်တန်းအကောင်းဆုံး အားကစားသမားဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းမှ ကျောနံပါတ် (၈) နန်းသီတာထွန်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှ ဆုကလပ်နှင့် ငွေသားဆုအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းမှကျောနံပါတ် (၁၁) နန်းမိုးပွင့်အေးချိုအား ကရင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်မှ ဆုကလပ်နှင့်ငွေသားဆုအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသော ဘားအံမြို့နယ်အသင်းမှ ကျောနံပါတ်(၉) နန်းနှင်းနှင်းလှိုင်အား ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်မှ ဆုကလပ်နှင့် ငွေသားဆုအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ၎င်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား ဆုကလပ်နှင့် ငွေသားဆုကျပ်(၇)သိန်းကို ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ လည်းကောင်း၊ ပထမဆု ရရှိသော ဘားအံမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ် (၁၀) သိန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

# ပဲခူးတိုင်းဒေသကြီး (၆)ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ပဲခူး၊ အောက်တိုဘာလ(၁၀)ရက်။

၂၀၂၂ ခုနှစ်၊ ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက် (၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ အသင်းတို့ ယှဉ်ပြိုင်ကစားရာ သာယာဝတီခရိုင်အသင်းမှ (၁)ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပါသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် ဂိုး၊ နောက်တန်း၊ ရရှိသော ညောင်လေးပင်ခရိုင်အသင်း နှင့် နတ်တလင်းခရိုင်အသင်းတို့အား သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း နှင့် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့မှ တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေသားဆုကျပ်(၃)သိန်းစီအားလည်းကောင်း၊ တရားလွှတ်တော်၊ တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်မှ ပထမဆုရရှိသော သာယာဝတီခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းမှ













ညနေ(၃း၀၀)နာရီအချိန်တွင် ပဲခူးခရိုင် အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။

ယနေ့ ဗိုလ်လုပွဲစဉ်တွင် သာယာဝတီခရိုင်အသင်းနှင့် တောင်ငူခရိုင် အလယ်တန်း၊ ရှေ့တန်းနှင့် အကောင်းဆုံးဘောလုံးသမားဆုရရှိကြသော အားကစားသမားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများမှ ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁)သိန်းစီအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်၍ ပူးတွဲတတိယဆု ဒုတိယဆုရရှိသော တောင်ငူခရိုင် အသင်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်မှ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၇)သိန်းအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြ ပါသည်။

ယင်းနောက် တိုင်းဒေသကြီး ပထမဆုရရှိသော သာယာဝတီခရိုင် အသင်းအား ပထမဆုဖလားနှင့် ငွေသားဆု ကျပ်(၁၀)သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ စုပေါင်း မှတ်တမ်း ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရပါသည်။

## အသက်ရှည်ခြင်းအကြောင်းတရား

လေရှူ လမ်းလျှောက် ရေပိုသောက်
အဆီ သကြား ဆားလျှော့စား
မေတ္တာစိတ်ကိုပွား သက်ရှည်ကြောင်းတရား။

# ဗိုဗီနမ်အားကစားသင်တန်း၊ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

● မော်လမြိုင်၊ အောက်တိုဘာလ(၁၀)ရက်။

မွန်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် ဗိုဗီနမ်အားကစားသင်တန်း၊ သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက်က မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းမှ မျိုးဆက်သစ်လူငယ်များကို ဗလငါးတန် နှင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာစေရန်အတွက် အားကစားသည် မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ လူငယ်၊ လူရွယ်များ ကျန်းမာသန်စွမ်းပြီး ကိုယ်ကာယကြံ့ခိုင်စေရန် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ကြရန်လိုအပ်သလို စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်၊ ပိုမိုကြံ့ခိုင်အောင် လေ့ကျင့်ပေးကြရန်လည်း လိုအပ်ကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် ဗိုဗီနမ်အားကစားနည်း ပညာရပ်တွေကို ပိုမိုကျွမ်းကျင်မှုရှိလာအောင် ဆက်လက်လေ့ကျင့်သွားကြရန်နှင့် ထူးချွန်သည့် အားကစားသမားကောင်းများ ဖြစ်လာစေရန်စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား/သင်တန်းသူများက ဗိုဗီနမ်အားကစားနည်းကို သရုပ်ပြသခဲ့မှုအပေါ် ကြည့်ရှုအားပေးကြပြီး သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းထူးချွန်ဆုနှင့် နည်းပြဆရာများအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။









# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်မည့် ပြည်နယ်လက်ရွေးစင်အသင်းအား တွေ့ဆုံအားပေး

● မြစ်ကြီးနား၊ အောက်တိုဘာလ(၉)ရက်။

အောက်တိုဘာ ၂၀ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်ကချင်ပြည်နယ်လက်ရွေးစင် ဘောလုံးအသင်းအား ယနေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် နှင့်တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ရှေးဦးစွာ နေပြည်တော်သို့ သွားရောက် ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းနည်းပြ၊ အုပ်ချုပ်သူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲတွင် အကောင်းဆုံးနှင့် အသန့်ရှင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကစားကြရန်နှင့်အောင်ပွဲရရှိပြီး ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့်ကျန်းမာရေးအထူးဂရုစိုက်ကြရန် အားပေးပြောကြားခဲ့သည်။



ထို့နောက် နောင်ရာမိသားစုကုမ္ပဏီလီမိတက် ပြည်နယ် ဖူဆယ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဂျပ်မွန်းအောင်က ကစားသမားများနှင့် နည်းပြ/အုပ်ချုပ်သူများအား ထောက်ပံ့ပေးငွေကျပ် ၁၃ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။





# ၂၀၂၂ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကျင်းပ










● မကွေး၊ အောက်တိုဘာလ(၁၁)ရက်။

၂၀၂၂ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နေ့လယ်တွင် မကွေးခရိုင် အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဦးစွာ ဗိုလ်လုပြိုင်ပွဲကို ကျင်းပပြုလုပ်ရာ ရေနံချောင်းမြို့နယ် အသင်းနှင့် ဆင်ပေါင်ဝဲမြို့နယ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ၌ တစ်ဖက်နှင့်တစ်ဖက် အနိုင်အရှုံးမပေါ်သဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရေနံချောင်းမြို့နယ်အသင်းမှ (၇) ဂိုး၊ (၆)ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ ပူးတွဲ တတိယဆုရရှိသော မကွေးမြို့နယ်အသင်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းမှ လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်

စာမျက်နှာ(၁၄)သို့

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ်အမျိုးသားဘောလုံးအသင်းထံ အောင်နိုင်ရေးအလံ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ




ကရင်၊ အောက်တိုဘာလ(၁၂)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ် ဘောလုံးအသင်းထံသို့ အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ကရင် ပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားသူကြီးချုပ် နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများတက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများအား မိတ်ဆက်ပေးခဲ့ပါသည်။



ဆက်လက်၍ ကရင်ပြည်နယ် အစိုးရအဖွဲ့ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှကရင်ပြည်နယ် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးအသင်းအတွက် အောင်နိုင်ရေး အမှာစကား ပြောကြားပြီးနောက် အောင်နိုင်ရေးအလံအပ်နှင်း၍ ငွေကျပ်(၁၀)သိန်း ပံ့ပိုးပေးပါသည်။ ဆက်လက်၍ ပြည်နယ် ဘောလုံးဆပ်ကော်မတီ၊ အားကစားအောင်နိုင်ရေးကော်မတီဝင် ဦးသင်းမောင်စိုးမှ ထောက်ပံ့ငွေ ကျပ်(၁၅)သိန်း၊ ပြည်နယ်လမ်းဦးစီးဌာနကြီးကြပ်ရေးမှူး ပြည်နယ်ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ညီမှ ထောက်ပံ့ငွေကျပ်(၅)သိန်း၊ ပြည်နယ်ဘောလုံးဆပ်ကော်မတီ၊ အားကစားအောင်နိုင်ရေးကော်မတီဝင် ဦးမင်းသိန်းမှ ထောက်ပံ့ငွေကျပ်(၂)သိန်း ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားသမားများအား လိုက်လံအားပေး နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

■

---

စာမျက်နှာ(၁၃)…မှစာဆက်

အသင်းအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်မှ လည်းကောင်း၊ ဒုတိယဆုရရှိသော ဆင်ပေါင်ဝဲမြို့နယ်အသင်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုမှ လည်းကောင်း၊ ပထမဆုရရှိသော ရေနံချောင်းမြို့နယ်အသင်းအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်မှ လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။



# ၂၀၂၂-၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး၊ အောက်တိုဘာလ(၁၃)ရက်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၀၈း၀၀)နာရီအချိန်တွင် မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium ၌ ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ တိုင်းအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/နည်းပြနှင့် ကစားသမား စုစုပေါင်း(၆၀၀)ဦးခန့် တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုမှ အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများမှ အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင်ဦးမောင်ကို၊ တိုင်းအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းမှ အားကစားသမားများနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ထမ်းဆောင်သူ ဒိုင်လူကြီးများ







စုစုပေါင်း(၂၇၆)ဦးအတွက် တစ်ဦးလျှင် ငွေကျပ်(၁၅၀၀၀/-)နှုန်းဖြင့် စုစုပေါင်း ငွေကျပ်(၄၁၄၀၀၀၀/-) အား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် မျိုးဆက်သစ်လူငယ်လေးများမှ ဝူရှူး အားကစားနည်းအား သရုပ်ပြသပေးခဲ့ပြီး ဝူရှူး(ဆန်းဆို)ပြိုင်ပွဲကို ကျင်းပပြု လုပ်ခဲ့ကြောင်း သတင်းရရှိသည်။





## အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ် လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။

# သီတင်းကျွတ်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

● မြစ်ကြီးနား၊ အောက်တိုဘာလ(၁၅)ရက်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် သီတင်းကျွတ်အထိမ်းအမှတ် အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို စဉ်ဆက်မပြတ် ပြုလုပ်ကျင်းပခြင်းအားဖြင့် ပိုက်ကျော်ခြင်း အားကစားနည်းတွင် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်းအသင်း(၁၃)သင်းမှ ကစားသမားများအား လိုက်လံ နှုတ်ဆက်အားပေးခဲ့ကြပြီး ဖွင့်ပွဲ ပွဲစဉ်တွင် ကြက်ပေါင်ခြံအသင်းနှင့် အေးမြသာယာ အလူမီနီယံအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ သီတင်းကျွတ် အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ အသင်းပေါင်း(၁၃)သင်းဖြင့် အောက်တိုဘာ ၁၅ ရက်က အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်ရာ ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ■















● ရန်ကုန်၊ အောက်တိုဘာလ(၂၀)ရက်။

ဘာရိန်းနိုင်ငံ မနာမာမြို့တွင် (၃၀-၁၀-၂၀၂၂)ရက်နေ့မှ (၃၁-၁၀-၂၀၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် အာရှအိုလံပစ်ကောင်စီအမျိုးသား/အမျိုးသမီး တန်းတူညီမျှရေးဆိုင်ရာဆွေးနွေးပွဲ(OCA Gender Equity Seminar)သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်တို့သည် ယနေ့ညနေ(၆)နာရီအချိန်တွင် လေယာဉ်အမှတ် PG -704 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာ၊

# မွန်ပြည်နယ် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားကျင်းပ

မော်လမြိုင်၊ အောက်တိုဘာလ(၁၅)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မွန်ပြည်နယ် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့ပါသည်။

ဦးစွာမွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်တွင် လူငယ်၊ လူရွယ်များ ကျန်းမာ သန်စွမ်းပြီး ကိုယ်ကာယ ကြံ့ခိုင်စေရန်နှင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ကြစေရန်အတွက် အားကစားနည်းအလိုက် ပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယ အပြည့်ဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ကြိုးစားကြရန် လိုအပ်သလို ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ကျွမ်းကျင် ပိုင်နိုင်မှုတို့ကို ပေါင်းစပ်၍စိတ်ဓာတ်ကောင်းမွန်ခြင်းကို အခြေခံပြီး တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ကြရန် လိုကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိကာ ပြည်နယ်ဂုဏ်ကို မြှင့်တင်ပေးနိုင်ရုံမျှမက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်







အောင်လည်း စွမ်းစွမ်းတမံ ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သိရသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး၊ အောက်တိုဘာလ(၁၇)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ Multipurpose Stadium တွင် ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်နိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်။





အဆိုပါဆုပေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်နိုင်မှ အမျိုးသား(ကွန့်စု) ပြိုင်ပွဲတွင် ပထမဆု ရရှိသော မောင်မြတ်ကိုကို(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်ရဲထက်အောင်(မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသောမောင်ကောင်းမြတ်ထွန်း (စစ်ကိုင်းတိုင်းဒေသကြီး) နှင့် အမျိုးသမီး(ကွန့်စု)ပြိုင်ပွဲတွင် ပထမဆု ရရှိသော မသော်တာအေးချမ်း(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မသွန်းရွှေရည်အိမ့် (စစ်ကိုင်းတိုင်းဒေသကြီး)၊ တတိယဆုရရှိသော မနော်ဖောဝါးရှိ (ရောဝတီတိုင်းဒေသကြီး)တို့အား တစ်ဦး

စာမျက်နှာ(၁၈)သို့

စာမျက်နှာ(၁၇)…မှစာဆက်

ချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဦးမှ အမျိုးသား ဒေသကြီး)၊ တတိယဆုရရှိသော မရွှေရည်ဖြိုး+မယမုံမင်း(ရှမ်းပြည်နယ်) တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေ သားဆုများကိုလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင်မှ အမျိုးသား (နန်းကွန့်) ပြိုင်ပွဲတွင် ပထမဆု ရရှိသော မောင်ကျော်ဇေဝင်း (ကချင်ပြည်နယ်)၊ ဒုတိယဆုရရှိသော မောင်တင့်ထူးဝေ (ဧရာဝတီတိုင်းဒေသကြီး)၊ တတိယ ဆုရရှိသော မောင်ရဲရင့်ထွန်း (ရှမ်း ပြည်နယ်)နှင့် အမျိုးသား(ချမ်းစု)ပြိုင်ပွဲ တွင် ပထမဆုရရှိသော မောင်မျိုး ထွယ်ရန် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်အောင်













(သွေ့လျှန်)ပြိုင်ပွဲတွင် ပထမဆုရရှိ သော မောင်ရဲထက်အောင်+ မောင်မြတ်ကိုကို(မန္တလေးတိုင်းဒေသ ကြီး)၊ ဒုတိယဆု ရရှိသော မောင်မင်း ကျော်ဇလ+မောင်မျိုးထွန်းရန် (ရန်ကုန် တိုင်းဒေသကြီး)၊ တတိယဆုရရှိသော မောင်ကောင်းမြတ်ထွန်း+မောင်ကိုကို မောင် (စစ်ကိုင်းတိုင်းဒေသကြီး)နှင့် အမျိုးသမီး(သွေ့လျှန်)ပြိုင်ပွဲတွင် ပထမ ဆုရရှိသော မဆောင်နှင်းဖြူ+မမေ သော်တာ(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မမေသူကျော်+ မသွန်းရွှေရည်အိမ့် (စစ်ကိုင်းတိုင်း



ကိုဟန်(မန္တလေးတိုင်းဒေသကြီး)၊ တတိယဆု ရရှိသော မောင်အောင် ဟိန်းထက် (မကွေးတိုင်းဒေသကြီး) တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးမှ အမျိုးသမီး(ချမ်းစု)ပြိုင်ပွဲတွင် ပထမ ဆုရရှိသော မမေသော်တာ (မန္တလေး တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မမေသူကျော်(စစ်ကိုင်းတိုင်းဒေသကြီး)၊ တတိယဆုရရှိသော မနှင်းအိန္ဒြာလွင်

(ရန်ကုန်တိုင်းဒေသကြီး)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသား (ကျန့်စု)ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်အောင်ကိုဟန်(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်စောထွန်းနိုင်(ကချင်ပြည်နယ်)၊ တတိယဆုရရှိသော မောင်ဆန္ဒအောင် (စစ်ကိုင်းတိုင်းဒေသကြီး)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်မှ အမျိုးသမီး(နန်းကွန့်)ပြိုင်ပွဲတွင် ပထမဆုရရှိသော မဆောင်းနှင်းဖြူ(မန္တလေးတိုင်းဒေသကြီးအသင်း)၊ ဒုတိယဆုရရှိသော မသွန်းပြည့်စုံ(စစ်ကိုင်းတိုင်းဒေသကြီး)၊ တတိယဆုရရှိသော မခိုင်စန္ဒာစိုး (ကချင်ပြည်နယ်)နှင့် အမျိုးသမီး ဆန်းဆို(၅၂)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မမေသဝင်ထူး(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မထက်ထက်ဝင်း(တနင်္သာရီတိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော မနော်ထူးလောအယ်(ဧရာဝတီတိုင်းဒေသကြီး)နှင့် မသီဂီဝင်း(စစ်ကိုင်းတိုင်းဒေသကြီး)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းမှ အမျိုးသား ဆန်းဆို(၄၈)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ဆလိုင်းထန်ကီးရှိန် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်စောနေထူးသော(ကရင်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော မောင်သိန်းငွေး(ရှမ်းပြည်နယ်)နှင့် မောင်ညီမင်းခန့်(မကွေးတိုင်းဒေသကြီး) နှင့် အမျိုးသား ဆန်းဆို(၇၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ဇွဲဝေလျှံဖြိုး(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်နေဝင်းထွဋ် (ကချင်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော မောင်စိုးမင်းပိုင်(ရခိုင် ပြည်နယ်)နှင့် မောင်ဉာဏ်လင်း (ရန်ကုန်တိုင်းဒေသကြီး)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းမှ အမျိုးသား ဝုရှူး(ထောက်လု)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသောမောင်မြတ်ကိုကို (မန္တလေးတိုင်းဒေသကြီး)၊ အမျိုးသမီး ဝုရှူး (ထောက်လု)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသော မဆောင်းနှင်းဖြူ(မန္တလေးတိုင်းဒေသကြီး)၊ အမျိုးသားဝုရှူး(ဆန်းဆို)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသော မောင်ဆလိုင်းထန်ကီးရှိန် (ရန်ကုန်တိုင်းဒေသကြီး)၊ အမျိုးသမီး ဝုရှူး(ဆန်းဆို)ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသော မအေးအေးပြည့်(တနင်္သာရီတိုင်းဒေသကြီး) တို့အား အကောင်းဆုံး ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေမှ အမျိုးသား/အမျိုးသမီး ဝုရှူး(ထောက်လု) အသက်(၁၂)နှစ်အောက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုမှ အမျိုးသား/အမျိုးသမီး ဝုရှူး(ထောက်လု) အသက်(၁၂)နှစ်အထက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို လည်းကောင်း၊ အမျိုးသား ဝုရှူး(ဆန်းဆို)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ကရင်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို လည်းကောင်း၊ အမျိုးသမီး ဝုရှူး(ဆန်းဆို)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသွားသော မန္တလေးတိုင်း ဒေသကြီးအသင်းအား တံခွန်စိုက်ဆု ဖလားနှင့် ငွေသားဆုများကို လည်းကောင်း စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

■









# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ လေကြောင်းဝါသနာရှင်များအသင်းမှ လေ့ကျင့်နေသည့် လူငယ်များအား တွေ့ဆုံ

● ရန်ကုန်၊ အောက်တိုဘာလ(၃)ရက်။

လေကြောင်းပညာရပ်များအား ဝါသနာပါရာ လုပ်ငန်းတစ်ရပ်အဖြစ် လေ့လာလိုက်စားလိုသူများအား တစ်စုတစ်စည်းထဲ ဖွဲ့စည်း၍ တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့် လေကြောင်းပညာရပ်များကို ပိုမိုစူးစမ်းလေ့လာနိုင်စေရန်၊ နိုင်ငံတော်၏လေကြောင်းလောကအတွက် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ထွန်းကားလာစေရန်နှင့် နိုင်ငံတော်မှအားထားရမည့်လေကြောင်း အတတ်ပညာရှင်များပြုစုပျိုးထောင်ရာတွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပြီး နိုင်ငံတော်၏ လေကြောင်း စွမ်းအားခိုင်မာတောင့်တင်းစေရန် ရည်ရွယ် ဖွင့်လှစ်ထားရှိသည့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ မြန်မာနိုင်ငံလေကြောင်းဝါသနာရှင်များအသင်းမှ လေ့ကျင့်နေသည့် လူငယ်များအား ယနေ့ နံနက် (၉)နာရီက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း သွားရောက် တွေ့ဆုံခဲ့သည်။

ရှေးဦးစွာမြန်မာနိုင်ငံလေကြောင်းဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ငြိမ်းက ရုံးအစည်းအဝေးခန်းမ၌ အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ လေကြောင်းပညာရပ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လူငယ်များဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံလေကြောင်းဝါသနာရှင်များအသင်းမှ ကူညီဆောင်ရွက်မည့်အခြေအနေများအား Power point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လမ်းညွှန်မှာကြားရာတွင် လေကြောင်းပညာရပ်များတိုးတက်လာစေရေးအတွက် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်စေရန် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုများအတွက်များစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာအားကစားအဖွဲ့ချုပ်အနေဖြင့် အားကစားနှင့်လူငယ်ကဏ္ဍဆက်စပ်ပြီး လူငယ်များပိုမိုပါဝင်လာအောင် စည်းရုံးဆောင်ရွက်ဖို့ လိုအပ်ကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီနေသဖြင့် အသိပညာ၊ အတတ်ပညာရှင်များအနေဖြင့် Men, Material, Money ပေါင်းစပ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ လူငယ်များကို တိုင်းပြည်က အားထားနေပြီး လူငယ်တွေတော်ရင် တော်သလို တိုင်းပြည်တိုးတက်မှာ ဖြစ်တဲ့အတွက် လူငယ်တိုင်း အရည်အချင်းရှိသူများဖြစ်အောင် ဆရာထက်တော်

>>>>















# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အစည်းအဝေးကျင်းပ

● ရန်ကုန်၊ အောက်တိုဘာလ(၄)ရက်

မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအစည်းအဝေးကို ယနေ့ နံနက်(၁၀း၀၀)နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီ ဥက္ကဋ္ဌ(ကိုယ်စား) ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟို ကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီဝင်များ







တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာ ဝန်ကြီး ဦးတင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းက လူငယ်ရေးရာဦးစီးဌာန အနေဖြင့် လူငယ်တို့ ကြုံတွေ့နေရသော ပြဿနာအခက်အခဲများကို ဖြေရှင်းကျော်လွှား၍ မြန်မာနိုင်ငံလူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေး၍ လူငယ်ရေးရာ မူဝါဒရေးဆွဲထားရှိပြီး၊ လူငယ်ရေးရာ မူဝါဒကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်မည့် မဟာဗျူဟာ

စာမျက်နှာ(၂၂)သို့





>>

သောတပည့်များဖြစ်အောင် ပြုစုပျိုးထောင်ကြရန်မှာ မိဘ/ဆရာ/ဆရာမများတွင် အဓိကတာဝန်ရှိကြောင်း၊ လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး ပညာရေး၊ အသိပညာ ဗဟုသုတ ကြွယ်ဝသူများဖြစ်လာစေရေး၊ ကိုယ်ချင်းစာစိတ်၊ ကူညီလိုစိတ်၊ အများအမှန်ဝေဖန်ပိုင်းခြားပြီး နိုင်ငံတော်အကျိုး၊ အများအကျိုး ကဏ္ဍပေါင်းစုံမှ တိုးတက်အောင် ကိုယ်ကျိုးစွန့် အနစ်နာခံ၍ နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပါသည်။

ထို့နောက် မြန်မာနိုင်ငံလေကြောင်းဝါသနာရှင်များအသင်း ဥက္ကဋ္ဌက ဒုတိယဝန်ကြီးအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ရာ ဒုတိယဝန်ကြီးကလက်ခံရယူ၍ ပျံသန်းရေးကွင်း၌ အဝေးထိန်းလေယာဉ် ပုံစံငယ်ဖြင့် ပျံသန်းလေ့ကျင့် သရုပ်ပြသမှုအား ကြည့်ရှု အားပေးခဲ့ကြောင်း သတင်း ရရှိပါသည်။

















စာမျက်နှာ(၂၁)…မှစာဆက်

စီမံချက်ပါ လုပ်ငန်းစဉ်များမှာ ကျယ်ပြန့်ပါကြောင်း၊ လူငယ်ထုအား မြန်မာပြည်တွင်းသာမက အာဆီယံအသိုင်းအဝန်းအထိ ကျယ်ပြန့်စွာပါဝင်စေရေး ဆောင်ရွက်နေသည့် လူငယ်ကဏ္ဍ(၁၆)ရပ်ရှိရာ အခြေခံကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီတွင် အဓိကတာဝန်ရှိသဖြင့် ယခုကဲ့သို့လာရောက် ရှင်းလင်းဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူငယ်ရေးရာဦးစီးဌာနများကို ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံမှစတင်အကောင်အထည်ဖော်ဆောင်ရွက်မှသာ ရေရှည်အကျိုး ဖြစ်ထွန်းနိုင်မည်ဖြစ်သဖြင့် ဖွဲ့စည်းပေးထားသည့်ကော်မတီဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် တာဝန်အရသာမက စေတနာထား၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးကျောင်းများကို အခြေခံ၍ ကြက်ခြေနီ၊ ကင်းထောက်လူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်စသဖြင့် လူငယ်များ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာအောင် ဖွဲ့စည်းလေ့ကျင့် ပေးသွားကြရန်လိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များမှတစ်ဆင့် လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စင်တာများ ထူထောင်သွားကြစေလိုကြောင်း၊ လူငယ်ထုအတွင်း မိမိအမျိုး၊ ဘာသာ၊ သာသနာကို ချစ်စိတ်၊ ကာကွယ်စောင့်ရှောက်လိုသောစိတ်၊ ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားပြီး ရည်ရွယ်ချက်ပန်းတိုင်ကို မဆုတ်မနစ်ကြိုးစားလျှောက်လှမ်းလိုသည့် စိတ်ဓာတ်များလေ့ကျင့်မွေးမြူပေးမှသာ နိုင်ငံတော်ကအားထားရသည့် လူတော်လူကောင်းများ ပေါ်ပေါက်လာမည် ဖြစ်သဖြင့် မိဘ၊ ဆရာ/ဆရာမများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားပါသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ်၊ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ ဆွေးနွေးကြပြီး၊ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိပါသည်။

■



# ခြေလျင်နှင့်တောင်တက်အားကစားနည်း ဆောင်ပုဒ်

သွားပါများခရီးရောက်　　တောင်ကြီးဖဝါးအောက်

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတက်ရောက်











● နေပြည်တော်၊ အောက်တိုဘာလ (၇)ရက်။

၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ် ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အတွက် ပေါင်းစပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်(၁၀း၀၀)နာရီ အချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လူမှုရေးဦးတည်ချက် (၃)ရပ်အနက် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး"ဟူသော ဦးတည်ချက်နှင့်အညီ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲများကို နှစ်စဉ် အားကစားပြက္ခဒိန်ရေးဆွဲပြီး ကျင်းပ ပြုလုပ် ပေးလျက်ရှိကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး (ကျား)၊ ဘော်လီဘော(ကျား၊ မ)၊ ပိုက်ကျော်ခြင်း(ကျား)၊ ဖူဆယ်(ကျား)၊ လွန်ဆွဲ (ကျား၊ မ)၊ ထုပ်ဆီးတိုး(မ)၊ အပြေး(ကျား၊ မ)ပြိုင်ပွဲများအဖြစ် အားကစားနည်း(၇)နည်းအား ကျင်းပ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများနှင့်ပတ်သက်သည့် စည်းမျဉ်း/စည်းကမ်းနှင့် ကျင်းပပြုလုပ်မည့် အစီအစဉ်များကို ဗဟိုအဖွဲ့ အစည်းများနှင့် ဝန်ကြီးဌာနများသို့ ကြိုတင် ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင် ကစားနိုင်ရေး အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများမှ အားကစား သမားများနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်းမှ အားကစားသမား များအား ရွေးချယ်ပြီး ဝန်ကြီးဌာနများမှ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထား၍ ပြိုင်ပွဲများမှာ ထည့်သွင်းကစားခဲ့ကြပြီး အားကစားသမားများ၏ဘဝနောင်ရေး အတွက် အလုပ်အကိုင်အခွင့်အလမ်း များ ပိုမိုရရှိလာကြသည်ကို တွေ့ရှိခဲ့ ရပါကြောင်း၊ National Fitness ဖြစ်သည့်တစ်မျိုးသားလုံး ကျန်းမာကြံ့ ခိုင်ရေးအတွက် အထောက်အကူ ဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ချစ်ကြည်စည်းလုံးစွာ တာဝန်ထမ်းဆောင်နိုင်ရေး၊ အားကစား ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည့် ဝန်ထမ်းကောင်းများပေါ်ထွက်လာစေရေး တို့အတွက် ရည်ရွယ် ကျင်းပ ပြုလုပ် ပေးရခြင်းဖြစ်သည့်အတွက် ဝန်ကြီး ဌာနများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း ဝင် ရောက် ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲ ကျင်းပပေးရခြင်း၏ ရည်ရွယ် ချက် မပျောက်ပျက်စေရေးအတွက် ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်း အကြံပေး ပူးပေါင်း ဆောင်ရွက် ပေး ကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးထွန်းမြင့်ဦးမှ ပြိုင်ပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းများ၊ အသက် ကန့်သတ်ချက်များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ပြီးနောက် အစည်း အဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များမှ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် အသင်း အနေအထားများ၊ သင်ကြားပြသပေး

စာမျက်နှာ(၂၄)သို့





စာမျက်နှာ(၂၃) ...မှစာဆက်

ရန်အတွက် နည်းပြဆရာ လိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း/ရုံအသုံးပြုခွင့်များ၊ အသက်ကန့်သတ်ချက်များ၊ စည်းမျဉ်း/စည်းကမ်းများနှင့် ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့မှ ဖြည့်စွက်အတည်ပြု ဆွေးနွေး ပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။



အဆိုပါ အစည်းအဝေးသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြိုင်ပွဲကျင်းပရေးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ တာဝန်ခံကိုယ်စားလှယ်များ၊ တက်ရောက်သူ စုစုပေါင်း(၆၀)ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင်ရေကူးအားကစားသမားများ၏ ပဏာမလူရွေးချယ်ပွဲ လာရောက်ကြည့်ရှုအားပေး


● နေပြည်တော်၊ အောက်တိုဘာလ(၁၉)ရက်။

၂၀၂၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင် ရေကူး အားကစားသမားများ၏ ပဏာမလူရွေးချယ်ပွဲကို ယနေ့ နံနက် (၉:၀၀)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ရေကူးကန်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရေကူးအားကစားသမားများအား ပဏာမရွေးချယ်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် အားကစားနှင့်ကာယပညာသိပ္ပံများမှ ရေကူးအားကစားသမား(၁၇)ဦးသည် (ကျား၊မ)မီတာ(၅၀) ပက်လက်ကူး၊ ရင်ဘောင်တန်းကူး၊ အလွတ်ကူး၊ (ကျား၊မ)မီတာ(၁၀၀)နှင့် မီတာ(၅၀)

>>>





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူများ လေ့လာရေးခရီးစဉ် ဆောင်ရွက်ခြင်း အခမ်းအနား တက်ရောက်

● နေပြည်တော်၊ အောက်တိုဘာလ(၂၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာ ဦးစီးဌာနသည် လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေးစသည့် လူငယ်ကဏ္ဍများတွင် ပိုမိုဖြည့်ဆည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများဖြစ်သည့် အ-ထ-က(၅)နေပြည်တော်၊ အ-ထ-က (၆) နေပြည်တော်၊ အ-ထ-က(၁၁)နေပြည်တော် ကျောင်းများမှ ကျောင်းသား/ ကျောင်းသူများအား ဖိတ်ခေါ်၍ ယနေ့ နေ့လယ်(၁၃:၀၀)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ လေ့လာရေးခရီးစဉ်အား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်၊ မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူငယ်ရေးရာဦးစီးဌာနမှ ဆောင်ရွက်နေသည့် လူငယ်ဆိုင်ရာကဏ္ဍ (၁၆)ရပ်တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာ ဟောပြောပွဲများကို ဦးဆောင်ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်း၍ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ထူးခြားသည့်အင်အားစုဖြစ်ပြီး အနာဂတ်ခေါင်းဆောင်များလည်းဖြစ်ကြောင်း၊ လူငယ်များအားကစားပြုလုပ်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်ပြီး မှန်ကန်သည့်အတွေးအခေါ်များရှိလာနိုင်မည် ဖြစ်ကြောင်း၊ အဖွဲ့အစည်းစိတ်ဓာတ် ထားရှိပြီး ပူးပေါင်းဆောင်ရွက်တတ်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ဗဟုသုတ အတွေးအမြင် အသစ်များရရှိပြီး ဗလငါးတန်ဖွံ့ဖြိုး တိုးတက်











စာမျက်နှာ(၂၆)သို့

▶▶

လိပ်ပြာကူး၊ (မ)မီတာ (၁၀၀)အလွတ်ကူးနှင့် ပက်လက်ကူး၊ (ကျား၊မ)မီတာ(၂၀၀) တစ်ဦးချင်း(၄)မျိုးကူး အမျိုးအစား(၈)မျိုးတို့တွင် အသီးသီး ဝင်ရောက် ရွေးချယ်ခံခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများမှ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲလာရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ အောက်တိုဘာလ(၂၅)ရက်။

၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ယနေ့နံနက်(၇)နာရီနှင့် ညနေ(၃) နာရီခွဲအချိန်တို့တွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက် ကြည့်ရှု အားပေး ခဲ့ကြပါသည်။





ယနေ့ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက်(၇)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၃)၌ မွန်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မွန်ပြည်နယ်အသင်းမှ တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၂)ဂိုး၊ (၁)ဂိုးဖြင့်လည်းကောင်း၊ ညနေ(၃)နာရီခွဲအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၁)၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း နှင့်ကရင်ပြည်နယ်အသင်းတို့

>>>





စာမျက်နှာ(၂၅) ...မှစာဆက်

စေရန်နှင့် ကျန်းမာကြံ့ခိုင်သည့် အမျိုးဘာသာသာသနာကို စောင့်ရှောက် နိုင်မည့် လူကောင်းလူတော်များ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ယခု လေ့လာရေးခရီးစဉ်တွင် မြန်မာနိုင်ငံ၏ အစဉ်အဆက် အားကစား အောင်မြင်မှုများ၊ မြန်မာ့ဂုဏ်ဆောင် ထင်ရှားသည့် အားကစားသမားများကို ပြသထားသည့် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့်ပြခန်း) လေ့လာခြင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတို့အား ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို တစ်နိုင်ငံလုံးကျင်းပ ပြုလုပ်နေသလို လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် နည်းပညာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယခု လေ့လာရေးခရီးစဉ်တွင် လေ့လာမှတ်သား သင့်သည်တို့ကို အကျိုးရှိစွာ လေ့လာမှတ်သားပြီး လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်အင်အားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်း လူငယ်လေးများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ယခုလေ့လာရေးခရီးစဉ်တွင် ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ကျင်းပခဲ့သည့် မှတ်တမ်းဗီဒီယိုအားပြသခြင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) တွင် အားကစားနှင့်ပညာရေး ပေါင်းစပ်ဌာနခွဲ Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသားလူငယ်များအား အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လူထုအားကစားနှင့်ပညာပေးဌာနခွဲမှ မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း (အားကစားပြတိုက်နှင့်ပြခန်း)အားလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ပြည်နယ်နှင့်တိုင်းဒေသကြီးအသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင် ကစားခဲ့မှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

အဆိုပါ လေ့လာရေးခရီးစဉ် ဆောင်ရွက်ခြင်း အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူစုစုပေါင်း(၃၀၀)ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ထိုင်းဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စံချိန်ယူလူရွေးပွဲ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ အောက်တိုဘာလ(၂၇)ရက်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၂၂ခုနှစ်၊ ထိုင်းနိုင်ငံတွင် နိုဝင်ဘာလ(၂၈)ရက်နေ့မှ ဒီဇင်ဘာလ(၁)ရက်နေ့ထိ ကျင်းပပြုလုပ်မည့် ထိုင်းဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် စံချိန်ယူ လူရွေးချယ်ပွဲကို ယနေ့ နံနက်(၇)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ လူရွေးချယ်ပွဲသို့ ပြိုင်ပွဲဝင်



အားကစားသမား စုစုပေါင်း(၅၀)ဦးတို့မှ ပြိုင်ပွဲအမျိုးအစား(၂၀)မျိုးတွင် လာရောက်အရွေးချယ်ခံခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။













>>>

ယှဉ်ပြိုင်ကစားခဲ့ကြရာပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကရင်ပြည်နယ်အသင်းကို (၃)ဂိုး၊ (ဂိုးမရှိ)ဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၃)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီးအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအသင်းကို(၂)ဂိုး၊ (၁)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး အုပ်စု(ဂ)တွင် မွန်ပြည်နယ်အသင်းမှ ပထမ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဒုတိယဖြင့်လည်းကောင်း၊ အုပ်စု(ဃ)တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဒုတိယဖြင့်လည်းကောင်း၊ အသီးသီး အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ အောက်တိုဘာလ(၂၇)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေ(၃)နာရီခွဲအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း



ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်စိုးမိုး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယမန်နေ့ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ(၃)နာရီခွဲအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၄)ဂိုး၊ (၃)ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၃)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီးအသင်းမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၃)ဂိုး၊ (၂)ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲလာရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ အောက်တိုဘာလ(၂၈)ရက်။

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်း ဖွံ့ဖြိုး တိုးတက်လာစေရေးကို အထောက်အကူပြုစေရန် နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်း



ဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ(၃)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်စိုးမိုး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များလာရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ(၃)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၁)၌ မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကချင်ပြည်နယ်အသင်းမှ မွန်ပြည်နယ်အသင်းကို (၂)ဂိုး၊ (၁)ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၃)၌စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၂)ဂိုး၊ (၁)ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပါသည်။





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ အောက်တိုဘာလ(၃၀)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ(၃)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ(၃)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီးအသင်းမှ တနင်္သာရီတိုင်းဒေသကြီးအသင်းကို (၆)ဂိုး(၂)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်ပွဲသို့တက်ရောက်ခဲ့ကြောင်း သိရှိရသည်။







# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ အောက်တိုဘာလ(၃၁)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ(၃)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ဒေါက်တာစိုးဝင်းညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသောဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ညနေ(၃)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကချင်ပြည်နယ်အသင်းမှ ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၂)ဂိုး (၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်ပွဲသို့ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။









# အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရိုးရာခြင်းလုံးအားကစားသမားများ စခန်းဝင်ဆန်းစစ်လူရွေးချယ်ခြင်း ကြည့်ရှုအားပေး

● နေပြည်တော်၊ အောက်တိုဘာလ(၁)ရက်။

ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် ပဏာမစခန်းဝင် လေ့ကျင့်လျက်ရှိသည့် ရိုးရာခြင်းလုံး အားကစားသမားများအား စခန်းဝင် ဆန်းစစ် လူရွေးချယ်ခြင်းကို ယနေ့ နံနက်(၈)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Centre No(1)ရှိ ရိုးရာခြင်းလုံး အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီး၊ နည်းပြဆရာများမှ အားကစားသမားများ၏ တစ်ဦးချင်းစွမ်းရည် Event(1-2) ကို ကျွမ်းကျင်ပိုင်နိုင်စွာ ကစားနိုင်မှုနှင့် တစ်ဦးချင်းကြိုးစား အားထုတ် ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံ ရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးရဲအောင်၊ ဦးချမ်းသာဦးနှင့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့် ရေးဌာနခွဲ(၂)မှ တာဝန်ရှိသူများ၊ ရိုးရာခြင်းလုံး အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။ ■









# လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း မသန်စွမ်းအားကစားသမား မောင်လင်းလင်းထွေးကို အားကစားပစ္စည်းများထောက်ပံ့ပေးအပ်

● နေပြည်တော်၊ အောက်တိုဘာလ(၅)ရက်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့က ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ပျဉ်းမနားမြို့နယ်၌ ကျင်းပပြုလုပ်သော မသန်စွမ်း အသိပညာပေးဆွေးနွေးပွဲတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မသန်စွမ်းလူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးနိုင်မှုများအကြောင်း ပြောကြားခဲ့မှုနှင့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှု၊ ဆုရရှိသူများအား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် Video files များပြသပေးခဲ့မှုအား ကြည့်ရှုမှတ်သားခဲ့ရသည့် ပျဉ်းမနားမြို့နယ်မှ မသန်စွမ်းလူငယ် မောင်လင်းလင်းထွေးသည် ဘောလုံးအားကစားကို ဝါသနာပါ ကြိုးစားချင်လိုစိတ် ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်သို့ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်မှ လူကိုယ်တိုင် လာရောက်အရည်အချင်းဆန်းစစ်ပြီးနောက် ပဏာမရွေးချယ်လေ့ကျင့်ပေးမည်ဖြစ်ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးနေဝင်းမှ အားကစားလေ့ကျင့်ရေးဝတ်စုံ၊ ဘောလုံးကန်ဖိနပ်၊ ခရီးစရိတ်နှင့် မှတ်ပုံတင် အမြန်ရရှိရေး သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း ကူညီ ဆောင်ရွက်ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရပါသည်။ ■





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းမှ မသန်စွမ်းအားကစားသမား(၂)ဦးအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

● နေပြည်တော်၊ အောက်တိုဘာလ(၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့တွင် (နေပြည်တော်)ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်များအတွင်းရှိ မသန်စွမ်းလူငယ်ရေးရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ အခဆိုပါပုဗ္ဗသီရိမြို့နယ်မှ မောင်ဇော်မင်းထွန်း နှင့် မဖူးရွှေရွှေဖြူ (၂)ဦးတို့သည် နိုင်ငံတကာမသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ သွားရောက်စခန်းဝင်လေ့ကျင့်မည်ဖြစ်ရာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။



# ၂၀၂၂-၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများအစည်းအဝေး ကျင်းပ

● မန္တလေး၊ အောက်တိုဘာလ(၁၂)ရက်။

၂၀၂၂-၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို ပြုလုပ်နိုင်ရေးအတွက် အားကစားသမားများ စိစစ်ခြင်းနှင့်အသင်း အုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်(၁၀း၃၀)နာရီအချိန်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေမန်းတောင် အားကစားကွင်းရှိ အားကစားသမားများ တည်းခိုဆောင်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောနေမင်းထွန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် တွဲဖက် အတွင်းရေးမှူး ဦးမင်းသူချစ် နှင့် တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူများ/













မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် (၁၃-၁၀-၂၀၂၂)ရက်နေ့မှ (၁၇-၁၀-၂၀၂၂) ရက်နေ့အထိ အောင်မြင်စွာ ကျင်းပ

စာမျက်နှာ(၃၂)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်

● နေပြည်တော်၊ အောက်တိုဘာလ(၁၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၁/၂၀၂၂)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ(၃)နာရီအချိန် တစ်ဦးချင်း စွမ်းဆောင်ရည် မြင့်မားစေရန်သာမက အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်တတ်မြောက်စေရန်၊ Basic English Speaking အား အခြေခံအဆင့် တတ်ကျွမ်းစေရန်၊ သင်တန်းတက်ရောက်လာသည့်ဝန်ထမ်းများ အချင်းချင်း ပိုမိုရင်းနှီးကျွမ်းဝင်မှု ထိတွေ့ဆက်ဆံပြီး လူငယ်များ အကျိုးအတွက် ပိုမိုဆောင်ရွက်လာနိုင်စေရန်၊ လုပ်ငန်းစဉ်(၁၀)ရပ်တွင် ပါရှိသည့် လူငယ်များ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုသုခုမများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်လာစေရေးအတွက် အစီ နိုင်ငံတကာလူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကဏ္ဍပေါင်းစုံ နီးနှောဖလှယ်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်







တွင်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လူငယ်ရေးရာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ တိုးပွားလာစေရန်၊ အင်္ဂလိပ်ဘာသာစကားပြောကြားရာတွင် ယုံကြည်မှု ပိုမိုခိုင်မာလာစေရန်နှင့် လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းချက်(၇)ရပ်တွင် ပါရှိသည့် နိုင်ငံတကာလူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ အမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်း/ပြည်ပအနုပညာ၊ ယဉ်ကျေးမှုစသည့် နီးနှောဖလှယ်ပွဲအစီအစဉ်များ၊ နိုင်ငံတကာ လူမှုအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ ဂုဏ်သိက္ခာ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေရန်အတွက် ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကားပြောကြားရာ၌ အခက်အခဲမရှိစေရေးအတွက် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ အခြေခံ အင်္ဂလိပ်စကားပြော စွမ်း

>>

စာမျက်နှာ(၃၁)…မှစာဆက်

နည်းပြများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပရခြင်းမှာ ထူးချွန်သောအားကစားသမားများနှင့် အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ပေးတာဖြစ်ကြောင်း၊ ပြိုင်ပွဲကို အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာကျင်းပပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြိုင်ပွဲဝင် အသင်းများမှလည်း တည်းခိုဆောင်အတွင်း စနစ်တကျ သန့်သန့်ရှင်းရှင်း နေထိုင်ကြစေလိုကြောင်း၊ ဒိုင်လူကြီးများကလည်းပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်အနိုင်ရရှိသည့် အားကစားသမားများအား မှန်မှန်ကန်ကန် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲအား စည်းမျဉ်း စည်းကမ်းနှင့်အညီ ကျင်းပသွားရန် မှာကြားပါသည်။ ဆက်လက်၍ အားကစားသမားများ စိစစ်ခြင်းနှင့် ပွဲစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။



# အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး အားကစားနှင့်ကာယပညာသိပ္ပံ (စစ်တွေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ အောက်တိုဘာလ(၁၅)ရက်။ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးသည် ယနေ့ နံနက် (၉:၃၀)နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)သို့ ရောက်ရှိပြီး အုပ်ချုပ်မှုရုံးအစည်းအဝေးခန်းမ၌ အရာထမ်း/အမှုထမ်းများ၊ ရခိုင်ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လာမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် အားကစားနှင့်ကာယပညာသိပ္ပံ (စစ်တွေ)ကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အချင်းချင်းစည်းလုံးညီညွတ်မှုရှိရန်နှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆို

စာမျက်နှာ(၃၄)သို့

















ဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂)ကို (၁၅-၈-၂၀၂၂)ရက်နေ့မှ (၁၃-၁၀-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ခေတ်မီတိုးတက်လာသော နည်းပညာများအား ပိုမို တိုးတက်စွာ သင်ယူနိုင်စေရေး၊ အင်္ဂလိပ်ဘာသာစကား စွမ်းရည် တိုးတက်လာစေရန်အတွက် ပိုမိုလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှာ လက်ခံကျင်းပမည့် အာဆီယံလူငယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး (ASEAN Ministerial Meeting on Youth-AMMY)၊ အာဆီယံ လူငယ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (Senior Official Meeting on Youth SOMY )တွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခုသင်တန်းတွင် သင်ယူ တတ်မြောက်ခဲ့ကြသည့် ဝန်ထမ်းများမှ ပါဝင်ကူညီ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး ယခု ဖွင့်လှစ်ခဲ့သည့် သင်တန်းကို တက်ရောက်ခဲ့ခြင်းဖြင့် မိမိတို့၏ စွမ်းရည်များ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆက်လက်ကြိုးစား လေ့လာသွားကြရန်လိုကြောင်း၊ သင်ခန်းစာများကို မမေ့မလျော့ဘဲကြိုးစားပြီး (Self Study)ကို ကိုယ်စီကိုယ်စီ ဆက်လက် လေ့လာသွားကြရန် လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် လူ့စွမ်းအားအရင်းအမြစ်၊ စီမံခန့်ခွဲမှုသည် ပဓာနကျသည့်အတွက် အရည်အချင်း ပြည့်ဝပြီး စွမ်းဆောင်ရည်ရှိသော၊ လုပ်ငန်းခွင် ကျွမ်းကျင်သော၊ တာဝန်ယူမှု တာဝန်ခံမှုရှိပြီး ရလဒ်ကောင်းများ ရရှိစေရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် သင်တန်းစည်းကမ်းများကို သင်တန်းစတက်သည့်အချိန်မှ သင်တန်းပြီးဆုံးသည်အထိ လေးစားလိုက်နာခဲ့ကြသည့်အပေါ် အထူးပင် ဝမ်းမြောက်မိပါကြောင်းနှင့် သင်ကြားပေးခဲ့သည့် ဆရာမများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ သင်တန်းသား/သင်တန်းသူများကလည်း ဆရာမများထံသို့ မိမိတို့ မသိနားမလည်သည်များကို ဆက်သွယ် မေးမြန်းပြီး အင်္ဂလိပ်ဘာသာစကားအား အရေး၊ အဖတ်၊ အပြောနှင့် နားထောင်နိုင်မှု လေ့လာမှုစသည့် (4-Skills) အထိ ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်သူများဖြစ်အောင် ကြိုးစားလေ့လာ သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပြီး သင်တန်းတွင် ထူးချွန်ဆု ရရှိခဲ့ကြသူများနှင့် သင်တန်းနည်းပြဆရာမများအား လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းမှ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

















စာမျက်နှာ(၃၃) ...မှစာဆက်

ဆက်ဆံ၍ ကူညီဖေးမဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မခံရအောင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း/စည်းကမ်းများအတိုင်း သွားလာနေထိုင်၍ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေးကောင်းမွန်မှသာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ပျော်ပျော်ရွှင်ရွှင်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများတွင် အခက်အခဲများနှင့် အခြားလိုအပ်သည်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေးတင်ပြနိုင်ပြီး မိမိအနေဖြင့် အတတ်နိုင်ဆုံး ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။




ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အားကစားနှင့်ကာယပညာသိပ္ပံ (စစ်တွေ)ရှိ အားကစားကွင်း/အားကစားရုံ၊ စာသင်ကျောင်းရှိ စာသင်ဆောင်၊ သင်တန်းသား/သင်တန်းသူများ၏အိပ်ဆောင်များ၊ လူပျိုဆောင်နှင့် အပျိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ယူ ဆောင်ရွက်နေသည့်အဆောက်အအုံများ သတ်မှတ်စံချိန်/စံညွှန်းများနှင့်အညီ အချိန်မီဆောင်ရွက်နိုင်ရေး နှင့် အဆိုပါအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေရှည် တည်တံ့စေရေးအတွက် စနစ်တကျ ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့ပြီး ဓညဝတီအားကစားကွင်းနှင့် လူငယ်ပြေးခုန်ပစ် လေ့ကျင့်ရေးစခန်းများကိုလည်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။ ■



အလေးမအားကစားနည်းဆောင်ပုဒ်

မြန်မာ့သံမဏိခွန်အား
ကမ္ဘာတစ်လွှား ကျော်ကြားစေအံ့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနက လူငယ်ပရဟိတဂေဟာများမှ လူငယ်များ လေ့လာရေးအစီအစဉ် ဆောင်ရွက်ခြင်း

● နေပြည်တော်၊ အောက်တိုဘာလ(၁၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနသည် လူငယ်များဘက်စုံ ဖွံ့ဖြိုး ရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ဆောင်ရွက်နေသည့် လူငယ်ပါရှိသဖြင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်သည့် လူငယ်များဖြစ်လာစေရေး၊ လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုး






တိုးတက်စေရေးအတွက် အဓိကဗဟိုချက်ဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို လူငယ်များ သိရှိနားလည်စေရန်အတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နေသည့် နေပြည်တော် ကောင်စီနယ်မြေရှိ ကျောင်းစုနှင့် အေးမေတ္တာစံလူငယ်ပရဟိတဂေဟာများမှ ကျောင်းသား/ကျောင်းသူများအား ဖိတ်ခေါ်၍ ယမန်နေ့ နံနက်(၈)







နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဒုတိယအကြိမ် လေ့လာရေးခရီးစဉ် ဆောင်ရွက်သည့် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုလေ့လာရေးခရီးစဉ်တွင် အားကစားလေ့လာရေးအစီအစဉ်များသာမက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မတိမ်ကောမပပျောက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် "၂၀၂၂ ခုနှစ်၊ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ"များကိုပါ သွား




ဆိုင်ရာကဏ္ဍ(၁၆)ရပ်တွင် စာပေ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍများလည်း အတွက် ဦးဆောင်ဝန်ကြီးဌာနများ အနေဖြင့် ပူးပေါင်း၍ ကဏ္ဍပေါင်းစုံမှ တက်ရေးအတွက် ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်သော လူငယ်များအား "လူငယ်အင်အား၊ စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော် နှင့် ပြည်သူကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်း လူငယ်လေးများ ဖြစ်လာစေရေးတို့အတွက် ယခုလိုလေ့လာရေး အစီအစဉ်များကို စီစဉ်ပေးလျက်ရှိပါသည်။

ယနေ့အစီအစဉ်တွင် ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ကျင်းပခဲ့သည့် မှတ်တမ်းဗီဒီယို(Clip)အားပြသခြင်း၊ အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ Fitness Dance သရုပ်ပြအဖွဲ့မှ သရုပ်ပြသခြင်းနှင့် ကျောင်းသားလူငယ်များအား အဖွဲ့များခွဲ၍ နည်းပြများနှင့်အတူ Fitness Dance စုပေါင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ဆက်လက်ပြီး ဝဏ္ဏသိဒ္ဓိ ရေကူး

စာမျက်နှာ(၄၂)သို့

# နိုင်ငံ့အားကစားမြင့်
## လူထု

ကိုဌေး(ကနောင်)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုသည် ထိုနိုင်ငံသားတိုင်း၏ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်နေ စိတ်ထားတို့ တိုက်ရိုက်အချိုးကျလျက်ရှိသည်ဟု မှတ်သားဖူးပါသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုနိုင်ငံ၏ အနာဂတ် တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့် လူငယ်၊ လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်း ပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာ မြင့်မားမှု အခြေအနေများအပေါ်တွင် အပြည့်အဝ မူတည်နေပေသည်။ လူငယ်၊ လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အသွေး မြှင့်တင်ပေးရန်မှာ နိုင်ငံတော်မှ အလေးထား ဆောင်ရွက်ရမည့် အရေးအကြီးဆုံး လုပ်ငန်းကဏ္ဍတစ်ရပ်လည်း ဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် အရည်အသွေး ပြည့်ဝသော လူငယ်အဖွဲ့အစည်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်နေပြီး ဆက်လက်၍ တိုးတက်မည့် အလားအလာကောင်းများကိုလည်း တွေ့မြင်နေရမည် ဖြစ်ပါသည်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်နေစိတ်ထားမြင့်မားမှုကို အားကစားပြုလုပ်ခြင်းဖြင့် ပြောင်းလဲဖော်ဆောင်နိုင်ပါသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ပြန်ကြည့်ပါက လူငယ်လူရွယ်များ တစ်စုတစ်ဝေးတည်းရှိနေသည့်အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် အားကစားလှုပ်ရှား ဆောင်ရွက်မှုများဖြင့် စည်းကားသိုက်မြိုက်နေသည့် အချိန်ကာလ၊ မြန်မာပြည်တစ်ဝန်း၊ မြို့နယ်အနှံ့ ကျေးရွာအဆုံး၊ တစ်ပြည်လုံးဆိုသကဲ့သို့ အားကစားပြိုင်ပွဲများ၊ အားကစားလှုပ်ရှား ဆောင်ရွက်မှုများဖြင့် စည်ကားနေသော အချိန်ကာလများ ဖြစ်ခဲ့ပါသည်။ ထိုအချိန်ကာလများကို ပြန်ကြည့်လျှင် မြန်မာ့အားကစား အောင်မြင်မှုသည် အရှေ့တောင်အာရှအဆင့်တွင် ထိပ်တန်း၌ ရပ်တည်နိုင်ခဲ့ပြီး အာရှအဆင့်သို့ ထိုးဖောက်ကာ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ လူထု အားကစား လှုပ်ရှားဆောင်ရွက်မှု (Mass Sports) အားကောင်းသည်နှင့်အမျှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို များစွာ အထောက်အကူပြုသည့်နည်းတူ အားကစားအောင်မြင်မှု အဆင့်အတန်းသည်လည်း မြင့်မားစွာ ရပ်တည်နိုင်သည်မှာ တစ်ဘက်နှင့်တစ်ဘက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အပြန်အလှန် အကျိုးပြုနေသည်ဟု ဆိုရပေတော့မည်။ သို့ဖြစ်၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာပြည်အနှံ့ လူထုအားကစားလှုပ်ရှားမှုများ (Mass Sports) ပြန်လည်အသက်ဝင်လာအောင် ရပ်ကွက်/ကျေးရွာ အဆင့်အထိ လက်တွဲညီညီ ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်လှပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ကာလများအတွင်း အိမ်ရှင် အဖြစ်လက်ခံ ကျင်းပသော အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (၂) ကြိမ်စလုံးတွင် နိုင်ငံအလိုက် ပထမနေရာရရှိခဲ့ခြင်း၊ မြန်မာဘောလုံး အနေဖြင့် အာရှချန်ပီယံ(၂)ကြိမ်၊ ကျွန်းဆွယ်ချန်ပီယံ (၅)ကြိမ်၊ မာဒေးကားချန်ပီယံ (၃)ကြိမ်၊ ဂျကာတာဖလား ချန်ပီယံ (၄)ကြိမ်၊ မာရာဟာလင်ဖလားချန်ပီယံ (၃)ကြိမ်၊ ပတ်ချုံဟီးဖလားချန်ပီယံ (၃)ကြိမ်၊ အာရှလူငယ်ချန်ပီယံ (၈) ကြိမ်နှင့် ၁၉၇၂ ခုနှစ်၊ မြူးနစ်အိုလံပစ်တွင် မြန်မာဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဆုကိုပင် ရရှိခဲ့ပြီး၊ ပထမဆုံး ကမ္ဘာနှင့်အိုလံပစ်အလေးမ အမြန်မ စံချိန်(၁၀၅)ကီလိုကို အောင်ကြီးက တင်နိုင်ခဲ့သည်။ အဆိုပါကာလများအတွင်း ပြေးခုန်ပစ်၊ ရေကူး၊ လက်ဝှေ့၊ အလေးမ၊ ဘော်လီဘော အားကစားနည်းများသည်လည်း အရှေ့တောင်အာရှအဆင့်ကို ကျော်လွန်၍ အာရှအဆင့်အထိ ထိုးဖောက်နိုင်ခဲ့သည်မှာ ငြင်းမရသည့် သာဓကများ ဖြစ်ခဲ့ပါသည်။



အားကစားအောင်မြင်မှုသည် နိုင်ငံ၏ဂုဏ်ကို မြင့်တက်စေပါသည်။ ဘောလုံးအားကစားနည်းကြောင့် ဘရာဇီးနိုင်ငံသည်လည်းကောင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် ဝူရှူး အားကစားနည်းကြောင့် တရုတ်နိုင်ငံသည်လည်းကောင်း၊ လက်ဝှေ့အားကစားနည်းကြောင့် ကျူးဘား နိုင်ငံသည်လည်းကောင်း၊ စစ်တုရင် အားကစားနည်းကြောင့် ရုရှားနိုင်ငံသည်လည်းကောင်း၊ ကရာတေး၊ ဂျူဒို အားကစားနည်းများကြောင့် ဂျပန်နိုင်ငံသည်လည်းကောင်း ကမ္ဘာကျော်ခဲ့သည်။တစ်ချိန်ကဘောလုံးအားကစားနည်းအပါအဝင် အခြားအားကစားနည်းများ၏ အောင်မြင်မှုများဖြင့် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ၏ဂုဏ်ဝင့်ထည်ခဲ့ရသည်။ အားကစား အောင်မြင်မှုသည် နိုင်ငံတစ်ခု၏ ဂုဏ်၊ လူမျိုးတစ်ခု၏ သိက္ခာပင်မဟုတ်ပါလား။

အားကစားအောင်မြင်မှုသည် နိုင်ငံ၏ ဂုဏ်၊ လူမျိုး၏ သိက္ခာကို မြင့်တက်စေရုံမျှမက နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည်လည်း ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အကျိုးရှိစေပါသည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် အားကစားနည်းအလိုက် အခြေခံ အဆောက်အဦများ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ အပေါ်ထပ် အဆောက်အဦများ အပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်း

အားကစားအောင်မြင်မှုသည် နိုင်ငံ၏ ဂုဏ်၊ လူမျိုး၏ သိက္ခာကို မြင့်တက်စေရုံမျှမက နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းသည်လည်း ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အကျိုးရှိစေ

# တင်ရန်
# ားကစားကို အခြေခံ



များတို့လည်း များစွာ အထောက်အကူ ပြုလျက် ရှိနေပါသည်။ သို့ဖြစ်၍ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွား လုပ်ငန်းများ အပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေး အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

အားကစားသမားတိုင်း အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေး အတွက် အားကစားပြိုင်ပွဲတိုင်းတွင် အားကစားသမား စိတ်ဓာတ်အပြည့် အဝဖြင့် ယှဉ်ပြိုင်ကြရန် လိုအပ်သည်။ သို့ဖြစ်၍ ပြိုင်ပွဲမဝင်မီ အားကစား သမားတိုင်း အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြရသည်။ ရွတ်ဆိုသည့်အတိုင်းလည်း ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် လိုက်နာလုပ်ဆောင်ကြရန် လိုအပ်သည်။

အားကစား သစ္စာအဓိဋ္ဌာန် (၄)ချက်မှာ-

- ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်းအပေါ်တွင် သစ္စာရှိပါမည်။
- ကျွန်ုပ်တို့သည် အားကစားသမားကောင်းတစ်ယောက်ဖြစ်မြောက်ရေး ကြိုးစားဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် အားကစားသမားအချင်းချင်း ချစ်ကြည်ပူးပေါင်းမှုရရှိပြီး အားကစားလောက တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့သည် ဥဒ္ဒေ၊ စိတ်ဓာတ်ကို အရင်းခံ၍ တရားသော ယှဉ်ပြိုင်အနိုင်ရရှိသည်အထိ ကြိုးစားယှဉ်ပြိုင်ပါမည်ဟု အဓိဋ္ဌာန်ပြုပါသည် တို့ ဖြစ်ပါသည်။

အားကစားစိတ်ဓာတ်၏ အရေးပါပုံကို ဖော်ကျူးထားသော ရုပ်ရှင်ဇာတ်လမ်းများအားငယ်စဉ်က ကြည့်ရှုခဲ့ရဖူးသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်း ၁၉၄၃ ခုနှစ်၊ ဝန်းကျင်တွင် နာဇီ ဂျာမနီအဓိပတိ အဒေါ့ဖ်ဟစ်တလာ စစ်တပ်သည် မဟာမိတ်စစ်သည်များကို သုံ့ပန်းအဖြစ် ဖမ်းဆီးထားသည်။ ၎င်းသုံ့ပန်းများတွင် နာမည်ကြီး ဘောလုံးသမားများပါရှိရာ ဟစ်တလာက ၎င်းနာဇီစစ်တပ်နှင့်ဘောလုံးပွဲတစ်ပွဲ စီစဉ်စေလိုက်သည်။ဟစ်တလာအနေဖြင့် ဂျာမနီလူထုရှေ့တွင် ဂျာမနီစစ်တပ် ဘောလုံးအသင်း အနိုင်ရခြင်းကို လိုလားသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ မဟာမိတ် ဘောလုံးသမား သုံ့ပန်းများအား ရွေးထုတ်၍ အရှုံးပေးလျှင် သုံ့ပန်းဘဝမှ လွှတ်ပေးမည်။ အသက်ချမ်းသာပေးမည်။ အနိုင်မရခဲ့ပါက ပြိုင်ပွဲပြီးပါက သတ်မည်ဟု ခြိမ်းခြောက်သည်။ ထိုအခါ မဟာမိတ်စစ်သုံ့ပန်းများ ဘောလုံးသမားတစ်ချို့မှာ အချုပ်ဖောက်၍ ထွက်ပြေးကြသောကြောင့် အသင်းတွင် အင်အားနည်း၍ မဟာမိတ်သုံ့ပန်းအသင်း ရှုံးနိမ့်တော့မလိုဖြစ်နေခဲ့သည်။ သို့သော်လည်း ဘောလုံးပွဲ စတင်ရန် အချိန် အနည်းငယ် အလိုတွင်ဘောလုံးသမားများ ပြန်လည်ရောက်ရှိလာကြပြီး ဘောလုံးပွဲကို စတင်နိုင်ခဲ့သည်။ ဘောလုံးပွဲ ပထမပိုင်း မိနစ်(၃၀)တွင် ဂိုးမရှိ သရေကျသည်။ ဒုတိယပိုင်းမစမီ မဟာမိတ်စစ်သုံ့ပန်း ဘောလုံးသမားများဟာ အနိုင်ကန်ရန် ဆုံးဖြတ်ပြီး ဒုတိယပိုင်းတွင် အနိုင်ဂိုး(၁)ဂိုး ရရှိ၍ ပွဲပြီးဆုံးသွားခဲ့သည်။ ထိုအချိန်တွင် ဟစ်တလာက မကျေနပ်နိုင်၍ တတိယပိုင်း မိနစ် (၃၀) ပြန်ကန်ရန်ကမ္ဘာ့ဘောလုံးစည်းကမ်း အပြင်မှ အမိန့်ပေးလိုက်သည်။ ထိုဇာတ်လမ်းနာမည်မှာ "Third Time" “သုံးကြိမ်” ဟူ၍ဖြစ်သည်။ "Third Time" မစတင်မီ ဟစ်တလာ၏ ကိုယ်ရေးအရာရှိရောက်လာပြီး အရှုံးကစားရန်၊ အနိုင် ကစားပါက သတ်မည်ဟု ခြိမ်းခြောက် လာသည်။ မဟာမိတ်စစ်သုံ့ပန်းများက အားကစားသမားကောင်းများပီပီ အရှုံးမပေးသော စိတ်ဓာတ်ကို အရင်းခံကာ အသက်ကိုပင် ပခါနမထားဘဲ နောက်ထပ်(၁)ဂိုးသွင်းပြီး (၂)ဂိုးဖြင့် အနိုင်ကစားလိုက်ကြသည်။ ထို့ကြောင့် မဟာမိတ်စစ်သုံ့ပန်း ဘောလုံးသမားများကို သတ်မိန့်ပေးခံရပြီး ကားတစ်စီးပေါ် တင်ဆောင်၍ မြို့ပြင်သို့ မောင်းလာခဲ့ကြသည်။ မြို့ပြင် ရောက်သော အခါ အားလုံးကို ကားပေါ်မှ ဆင်း၍ တန်းစီစေပြီး သေနတ်နှင့် ချိန်ထားသည်။ သို့သော် နာဇီစစ်ဗိုလ်မှူး၏ စကားကြောင့် အားလုံးအံ့သြဝမ်းသာ ဖြစ်ကြရသည်။ “ငါတို့ရဲ့ အဓိပတိ ဗိုလ်ချုပ်ကြီး ဟစ်တလာ မင်းတို့ရဲ့ အားကစားစိတ်ဓာတ်ကို လေးစားသောအားဖြင့် အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တယ်” ဟု ပြောလိုက်ခြင်းပင် ဖြစ်သည်။ အဆိုပါဇာတ်ကားအားကြည့်ပြီး အားကစားစိတ်ဓာတ်၏ အရေးပါပုံ၊ မိမိတို့အသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏အသက်ကို စွန့်လွှတ်ပြီး တရားသော ယှဉ်ပြိုင်မှုဖြင့် ယှဉ်ပြိုင်ခဲ့ကြပုံကို ယနေ့ တိုင် အမှတ်တရ ရှိနေခဲ့ပါသည်။ ကမ္ဘာ့ကျော်ဘောလုံးသမား ပီလီ ပါဝင်သရုပ်ဆောင်ထားသော ဇာတ်ကား ဖြစ်ပါသည်။



အလားတူ “နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ခြင်းမှသည် အောင်ပွဲဆီသို့” ဆောင်ပုဒ်အား ပေါ်လွင်အောင် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည့် ဂျပန်ရုပ်ရှင်ကား တစ်ကားဖြစ်သော "The Way to Gold Medal" “ရွှေတံဆိပ်ရရှိရေးသို့” ဟူသော ဘော်လီဘောဇာတ်လမ်းအား ကြည့်ရှုဖူးပါသည်။ တံခွန်စိုက်ပြိုင်ပွဲဝင်မည့် အမျိုးသမီး ဘော်လီဘော အားကစားသမား၏

>>>




နည်းပြဖြစ်သူ ဂျပန်သရုပ်ဆောင် နာမည်ကြီး "ဆန်နီချီးဗန်း" မှ လေ့ကျင့်ပေးသည်။ အသင်းနည်းပြမှ လေ့ကျင့်ရေးကာလအတွင်း နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန် လေ့ကျင့်စေခဲ့ရာ အားကစားသမားအချို့မှ ပင်ပန်းမှုဒဏ်ကို မခံနိုင်၍ အသင်းနည်းပြဖြစ်သူအား မကျေမနပ်ဖြင့် အမျိုးမျိုးဝိုင်းဝန်း ပြစ်တင်ဝေဖန်ကြသည်။ နည်းပြ ဖြစ်သူမှာ သူ၏တာဝန်ဝတ္တရားအတိုင်း ဆက်လက်လေ့ကျင့်စေခဲ့ပြီး အားကစားသမားများကို "ချွေးထွက်များမှ သွေးထွက် နည်းမည်၊ အနိုင်လိုချင်လျှင် အပင်ပန်းခံရမည်" ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြိုင်ပွဲသို့ရောက်ရှိပြီး ယှဉ်ပြိုင်ကြသည့်အခါ ဖိုလ်လုပွဲသို့ တက်ရောက်၍ ပြိုင်ဘက်အသင်းအား ခက်ခက်ခဲခဲ အနိုင်ရခဲ့ပြီး တံခွန်စိုက်ဆု ရရှိခဲ့ကြသည်။ ထိုအခါမှသာ အသင်းသားများမှ နည်းပြအား ပခုံးထမ်းမချီ ဂုဏ်ပြုပြီး ဆရာ၏ စေတနာ သဘောထားကို နားလည်သိရှိ သွားကြသည့် ဇာတ်လမ်း ဖြစ်ပါသည်။

ထို့အတူ "အားကစားသမားကောင်း တစ်ယောက် ဖြစ်မြောက်အောင် ကြိုးစား ဆောင်ရွက်ပါမည်" ဟူသော ဆောင်ပုဒ်ကို သရုပ်ဖော်ထားသော အိန္ဒိယဇာတ်ကား "Sultan" ဟူသော ဇာတ်ကားတွင် နာမည်ကြီး သရုပ်ဆောင် "စယ်လ်မန်ခန်း" ပါဝင်သရုပ်ဆောင်ထားသည့်နပမ်းအားကစားသမားတစ်ယောက်အကြောင်းကို ဇာတ်လမ်းဖွဲ့ထားသည်။ "Sultan" အမည်ရှိသော နပမ်းအားကစားသမားသည် အိုလံပစ်ချန်ပီယံဖြစ်ရန်၊ ကမ္ဘာ့ချန်ပီယံဖြစ်ရန်သာ စိတ်ကူးရှိသည်။ အိုလံပစ်ချန်ပီယံ ဖြစ်ပြီးနောက် ကမ္ဘာ့ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်နေချိန်တွင် ဇနီးဖြစ်သူမှာ ပထမ ကလေးမွေးဖွားရန် အချိန်နှင့်တိုက်ဆိုင်သည်။ ဇနီးဖြစ်သူမှာ သူ့အနီးတွင် ခင်ပွန်း "Sultan" ကို ရှိစေချင်သည်။ သို့သော် "Sultan" သည် ပြိုင်ပွဲဝင်ရန်အတွက် ထွက်ခွာသွားခဲ့သည်။ ဇနီးဖြစ်သူမှာ မီးဖွားချိန်အတွင်း ကလေးသွေးသွင်းရန် လိုအပ်သည့် B သွေး အချိန်မီရှာမရခဲ့သဖြင့် ပထမဆုံးရင်သွေး ဆုံးရှုံးခဲ့ရသည်။ ထိုအခါ ဇနီးဖြစ်သူမှ "Sultan" အား တစ်ကိုယ်ကောင်းဆန်သည့်ယောက်ျားအဖြစ် သတ်မှတ်ကာ ကွာရှင်းလိုက်သည်။ ဇနီး၏ ကွာရှင်းခံရမှုကြောင့် "Sultan" ဘဝပျက်ခဲ့ရသည်။ သို့သော် မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် အားကစားလောကသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့သည်။ အောင်မြင်မှုအတွက် ရရှိသည့် ဆုငွေများအားလုံးကို အများအကျိုးအတွက် သွေးလှူဘဏ် တစ်ခု ထူထောင်ရန် ဆုံးဖြတ်လိုက်သည်။ နောက်ဆုံးတွင် ပြိုင်ပွဲများအားလုံး အနိုင်ရရှိပြီး ဇနီးဖြစ်သူနှင့် ပြန်လည်တွေ့ဆုံ ပေါင်းဖက်သော ဇာတ်လမ်းဖြစ်ပါသည်။ ယနေ့ခေတ် အားကစားသမားများ အတုယူသင့်သည့် အားကစားစိတ်ဓာတ်များပင် ဖြစ်ပါသည်။



ယနေ့ ၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်ပါက အဝလွန်ခေတ်ဟုပင် ပြောရမလို ဖြစ်နေပါသည်။ အဝလွန်သူများကို အိမ်တိုင်းလိုလိုတွင် တွေ့ရသည်။ ကျေးလက်ဒေသများထက် မြို့နေလူထုတွင် အများဆုံးတွေ့ရသည်။ ယနေ့ ကမ္ဘာ့လူဦးရေ သန်း(၇)ထောင်ကျော်ရှိသည့်အနက် တစ်ဝက်ကျော်သည် သာမန်ထက်ဝသူများဖြစ်နေပြီး ၎င်းတို့၏ တစ်ဝက်ကျော်မှာ အဝလွန်သူများဖြစ်နေသည်ဟု သုတေသန မှတ်တမ်းတစ်ခုတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဝလွန်သူများဆိုသည်မှာ အသက်အရွယ်၊ အရပ်အမောင်းအလိုက် ရှိသင့်သည့် ကိုယ်အလေးချိန်ထက် (၁၀%) ကျော်လွန်သွားလျှင် အဝလွန်သူများ စာရင်းဝင်သွားပြီဟု သတ်မှတ်ပါသည်။ အဝလွန်ခြင်း၊ အလွန်ဝခြင်းများသည် ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့်၊ တစ်နည်းအားဖြင့် အားကစား မပြုလုပ်ခြင်းကြောင့်၊ အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးကို မသိခြင်းကြောင့်ဟု

"နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို နေ့စဉ် ပုံမှန်ပြုလုပ်ရန် လိုအပ်သည်။"

ပြောရမည် ဖြစ်ပါသည်။



နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အတွက် ကိုယ်လက်လှုပ်ရှား အားကစား တစ်ခုခုကို နေ့စဉ် ပုံမှန်ပြုလုပ်ရန် လိုအပ်သည်။ ကိုယ်လက်လှုပ်ရှား အားကစား တစ်ခုခုကို မပြုလုပ်ပါက အဝလွန်၊ အလွန်ဝသူများ ဖြစ်လာကြမည်။ ဝသည့်သူများသည် သာမန်ကိုယ်အလေးချိန် ရှိသူများထက် အသက်တိုလေ့ရှိသည်။ ရောဂါရရှိမှုပိုများလေ့ရှိသည်။ ခန္ဓာကိုယ် မပေါ့ပါးသည့်အတွက် လျှင်မြန်မှုနည်းပါးပြီး အလုပ်လုပ်ရာတွင် ခက်ခဲလေ့ ရှိသည်။ မောပန်းလွယ်သည့်အတွက် စိတ်တိုလွယ်လေ့ရှိသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါများ ဖြစ်ပေါ်လေ့ရှိသည်။ သွေးကြောနံရံများထူပြီး မကောင်းသည့် (အဆီ) ကိုလက်စထရောများ ပိတ်ဆို့မှုများသည်။ ကိုလက်စထရောများသည့်အတွက် သည်းခြေအိတ်တွင် ကျောက်တည်ပြီး အလွန်နာကျင်သည့် ဝေဒနာကို ခံစားရလေ့ရှိသည်။ အဆီများ အရေပြားအောက် ထူထပ်လျက်ရှိသည့်အတွက် ရောဂါပိုးကြောင့် အနာများလည်း ဖြစ်တတ်သည်။ ငယ်ရွယ်သူများအနေဖြင့် ဝတ်စားဆင်ယင်မှု အဆင်မပြေဖြစ်ပြီး မလှမပနှင့် စိတ်ညစ်ရတတ်တာတွေလည်း ရှိတတ်သည်။

ဝသည့်သူများသည် ဝသည့်အတွက် ရောဂါများနှင့် ဒွန်တွဲနေလေ့ရှိပြီး နောက်ဆက်တွဲ ရောဂါတွေလည်းဖြစ်ဖို့ အဆင်သင့်စောင့်နေကြသည်ဟု ဆိုပါသည်။ ကိုယ်အလေးချိန်က နှလုံးကို ပင်ပန်းစွာ အလုပ်လုပ်စေရတဲ့အတွက် နှလုံးရောဂါအမျိုးမျိုးလည်း ကြုံတွေ့ရတတ်ပါသည်။ ဆီးချို၏ နောက်ဆက်တွဲ ရောဂါပေါင်းစုံကိုလည်း ခံစားရတတ်သည်။ ကိုယ်အလေးချိန်များသည့်အတွက် ပျင်းရိထိုင်းမှိုင်းပြီး ဉာဏ်ရည် ထိုင်းတတ်သည်။ စိတ်ညစ်၊ စိတ်ဓာတ်ကျရာမှ စိတ်ရောဂါ၊ စိတ္တဇရောဂါများလည်း ဖြစ်တတ်သည်။ အဆစ်အမြစ် ကိုက်ခြင်း၊ ရောင်ခြင်း၊ သွေးတွင်း ယူရစ်အက်ဆစ်များသည့်အတွက် ဂေါက်ရောဂါနှင့် ကျောက်ကပ်ရောဂါများလည်း ဖြစ်တတ်သည်။ သို့ဖြစ်၍ အဝလွန်ခြင်းသည် မကောင်း၊ ဝလေလူစဉ်မမှီလေလို့တောင် ဆိုရပေတော့မည်။ သို့ဖြစ်၍ လူတိုင်း လူတိုင်း အဝမလွန်အောင် ထိန်းသိမ်းကြဖို့ လိုအပ်သည်။ အဝလွန်ရခြင်း၏ အခြေခံအကြောင်းရင်း(၂)ချက်သာ ရှိပါသည်။ ခန္ဓာကိုယ်က လိုအပ်သည့် အတိုင်းအတာထက် ပိုစားကြလို့ အဝလွန်လာကြခြင်းသာ ဖြစ်သည်။ လူတစ်ယောက်တွင် နေ့စဉ် လိုအပ်သည့် ကယ်လိုရီဆိုတာရှိပြီး လိုအပ်သည့် ကယ်လိုရီထက် ပိုစားလျှင် ဝမည်။ လျှော့စားလျှင် ပိန်မည်။ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုအား ပုံမှန်လုပ်ဆောင်လျှင် အဝလွန်ခြင်းအား ထိန်းနိုင်မည်။ သို့ဖြစ်၍ နေ့စဉ်စားသောက်သည့် အစားအသောက်ကို လိုအပ်သလောက်သာ ချင့်ချိန်စားသုံးသင့်ပြီး နေ့စဉ် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုအား မပျက်မကွက်လေ့လာ လိုက်စားရန် လိုအပ်လှပေသည်။

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကစားနှင့် ပညာရေးကို ပေါင်းစပ် ဆောင်ရွက်မည့် အစီအမံများအား နိုင်ငံတော်အဆင့်မှ ထိထိမိမိ လမ်းညွှန်ချက် ချမှတ် ဆောင်ရွက်သင့်ပါသည်။ အိမ်နီးချင်း နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ ဖြစ်သည့် မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား စသော နိုင်ငံများတွင် လူငယ်စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာဝန်ကြီးဌာနများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနကို လူငယ်ရေးရာဦးစီးဌာနနှင့် အားကစားဦးစီးဌာနတို့ကို အခြေခံဖွဲ့စည်းထားရှိပါသည်။ အဆိုပါဝန်ကြီးဌာနအနေဖြင့် လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်စေရန် ရည်ရွယ်၍ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သက်မွေးပညာသိပ္ပံများမှ ကျောင်းသားလူငယ်အင်အား (၂)သန်းကျော်အား စေတနာ့ ဝန်ထမ်းများအဖြစ် ပါဝင်လုပ်အားပေးနေသည့် အဖွဲ့အစည်း ဆောင်ရွက်လျက်ရှိခြင်း၊ ကျေးလက်ဒေသ လူငယ် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ဒေသအလိုက် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိခြင်း၊ လူငယ်ရေးရာ လုပ်ငန်းများ ကိုပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လူငယ်အဖွဲ့အစည်းများအား လေ့ကျင့် သင်တန်းပေးမှုများ၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် လူငယ်ဖွံ့ဖြိုးရေးသိပ္ပံများ တည်ထောင်ထားခြင်း၊ အသက်(၁၈)နှစ်မှ(၂၅)နှစ်ကြား လူငယ်များကို နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် (၂)နှစ်ကြာ ပါဝင်ဆောင်ရွက်စေပြီး သင့်လျော်သည့် ဂုဏ်ပြုမှု ပေးအပ် ချီးမြှင့်သည့်





အမျိုးသားလူငယ်အဖွဲ့အစည်း (National Younth Corps) ဖွဲ့စည်းတည်ထောင်ထားရှိခြင်း၊ ကင်းထောက်လူငယ်အဖွဲ့အစည်းများ တိုးမြှင့် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလူငယ် အဖွဲ့အစည်း အချင်းချင်း ပူးပေါင်းဖလှယ်ရေး အစီအစဉ်များ ပြုလုပ်ခြင်း၊ လူငယ်များအတွက် နိုင်ငံအဆင့်ထူးချွန်ဆု တံဆိပ်များ ချီးမြှင့်ခြင်းစသည့် လူငယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံတွင်လည်း တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့အစည်း (All China Youth Federation) ကို တိုးချဲ့ ဖွဲ့စည်း၍ ပညာရေး နှင့် လေ့ကျင့်ရေး၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ လူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ ဆန်းသစ်တီထွင်ရေးနှင့် အလုပ်အကိုင်ရရှိရေး လုပ်ငန်းများအား လုပ်ငန်းတာဝန်ခွဲဝေသတ်မှတ် ဆောင်ရွက်လျက် ရှိကြပါသည်။ မလေးရှားနိုင်ငံတွင်လည်း လူငယ်နှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ရေးဆွဲကာ ဌာနခွဲ(၁၈)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စင်ကာပူနိုင်ငံတွင်လည်း နိုင်ငံသားများအား အနုပညာနှင့် အားကစားမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများ အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပါသည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ပိုမိုနက်ရှိုင်း စေသည့်ကြိုးပမ်းမှုများအလေးထားဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပြီး အနုပညာ လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ အားကစားလုပ်ငန်းများနှင့် လူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် အားကစားနှင့်ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ အား ယခင်က ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် အားကစားလှုပ်ရှားဆောင်ရွက်မှုများ အားနည်းလျက်ရှိနေသဖြင့် ကျောင်းတွင်း အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် ဘာသာရပ်အလိုက် ကျောင်းတွင်း အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပ ပြုလုပ်ရန် လိုအပ်လှပေသည်။ ထို့အပြင် ကျောင်းစာသင်ချိန်များတွင်လည်း ယခင်ကကဲ့သို့ တစ်ပတ်လျှင် (၂)ချိန်ခန့် အားကစားလေ့ကျင့်ချိန် (သို့မဟုတ်) ဖွံ့ဖြိုးရေးအချိန်များ သတ်မှတ်၍ မိမိတို့ နှစ်သက်ရာ အားကစားတစ်ခုခုအား လေ့လာလိုက်စားနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်လှပါသည်။

**ကျောင်းစာသင်ချိန်များတွင်လည်း ယခင်ကကဲ့သို့ တစ်ပတ်လျှင် (၂)ချိန်ခန့် အားကစားလေ့ကျင့်ချိန်(သို့မဟုတ်) ဖွံ့ဖြိုးရေးအချိန်များ သတ်မှတ်၍ မိမိတို့နှစ်သက်ရာ အားကစားတစ်ခုခုအား လေ့လာလိုက်စားနိုင်ရေး စီစဉ်ဆောင်ရွက်ရန်**

မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါ လုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ထားရှိပေးရန် အကြံပြုတင်ပြလိုပါသည်-

(က)ရပ်ကွက်/ကျေးရွာ အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ အားကစားကွင်း/အားကစားရုံများအားလုံးကို အမြဲတမ်း သန့်ရှင်းသပ်ရပ် သာယာလှပမှုရှိအောင် ဆောင်ရွက်ထားရှိရန်၊

(ခ)အားကစားကွင်း/အားကစားရုံများတွင် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိပေးရန်၊

(ဂ) အများပြည်သူများ အားကစားကွင်း/အားကစားရုံများအတွင်း အချိန်မရွေး လာရောက် လေ့ကျင့်ကစားမှုများပြုလုပ်နိုင်ရေး အားကစားကွင်း/အားကစားရုံများ ဖွင့်ထားပေးရန်၊

(ဃ)ကျောင်းသား၊ ကျောင်းသူများ ပုံမှန်အားကစားလေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေးအတွက်နှင့် ကျောင်းများ၊ လူငယ်အဖွဲ့အစည်းများ လာရောက် လေ့ကျင့်ကစားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊





(င) အားကစားသရုပ်ပြပွဲများနှင့် အားကစားအသိပညာပေး ဟောပြောပွဲများအား အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန်

(စ) အားကစားသတင်းများ အားအများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ရုပ်မြင်သံကြားလိုင်းပေါင်းစုံမှ ထုတ်လွှင့်ရန်နှင့် သတင်းစာ၊ ဂျာနယ်များတွင် ဖော်ပြပေးရန်၊

(ဆ) အားကစားပညာပေး ပြန်ကြားရေးအစီစဉ်အဖြစ် Sports Channel နှင့် Website များကို အသုံးပြုကာ အားကစားနည်းတစ်ခုချင်း၏ နည်းစနစ်များ၊ ဥပဒေသများ၊ အားကစားပြိုင်ပွဲများ၊ အားကစားလေ့ကျင့်မှုများ၊ ကိုယ်လက်လှုပ်ရှားဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ အပါအဝင် အားကစားလှုပ်ရှားဆောင်ရွက်နေမှု အခြေအနေများကို လွှင့်တင်ထားရှိရန်၊

(ဇ) မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ဗဟိုအဆင့်တွင်လည်း အားကစားပြက္ခဒိန်ရေးဆွဲ၍ ပုံမှန်ကျင်းပလျက်ရှိသည့် အားကစားပြိုင်ပွဲများအပြင် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်ရန် (ဥပမာ-လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့၊ အလုပ်သမားနေ့ အိုလံပစ်နေ့စသည့် အထိမ်းအမှတ် အားကစားပြိုင်ပွဲများ)၊

(ဈ) ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် အားကစားဝါသနာရှင်များ၊ အားကစားဆပ်ကော်မတီများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ပူးပေါင်း၍ အလွတ်တန်းဖိတ်ခေါ် အားကစားပြိုင်ပွဲများ ကျင်းပ ဆောင်ရွက်ရန်၊

(ည) ရိုးရာယဉ်ကျေးမှုပွဲတော်များတွင်လည်း လိုက်လျောညီထွေရှိသည့် အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပရန်၊

(ဋ) မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ဖွင့်လှစ်ပြီး အားကစားကလပ်များ အသက်ဝင်လှုပ်ရှားနေစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ အားကစားကလပ်များ တိုးပွားလာစေရေး စည်းရုံး ဆောင်ရွက်ခြင်း၊ အားကစားကလပ်များတွင် အားကစားနည်းအလိုက် စနစ်တကျသင်ကြား လေ့ကျင့်နိုင်စေရန် ကြပ်မတ်ခြင်း၊ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းများဆောင်ရွက်ရန်၊

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် လုပ်ငန်းတာဝန်များသည် များပြား ကျယ်ဝန်း လှသည့်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန တစ်ခုတည်းကသာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်၍ မရနိုင်ဘဲ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာနအားလုံး၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ NGO အဖွဲ့အစည်းအသီးသီးနှင့် အားကစားဝါသနာရှင်များ၊ စေတနာရှင် အလှူရှင်များ အပါအဝင်ပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း၍ အားကစားကဏ္ဍကို မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမှသာ အောင်မြင်မှု ရမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း •

ကိုဌေး(ကနောင်)

**ကိုးကားသည့်စာအုပ်စာတမ်းများ**

- အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသည့်စာအုပ်စာတမ်း။
- နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့် အာကစားဆိုင်ရာဆောင်းပါးများ။
- ကြည့်ရှုဖူးသည့်အားကစားနှင့် သက်ဆိုင်သည့် ရုပ်ရှင်ဇာတ်ကားများ။
- အားကစားဌာနတွင် တာဝန်ထမ်းဆောင်စဉ် ကြုံတွေ့ ခဲ့ရသည့် အတွေ့အကြုံများ။



အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင်
အားကစားလှုပ်ရှားဆောင်ရွက်မှုများ အားနည်းလျက် ရှိနေသဖြင့်
ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံ
အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် ဘာသာရပ်အလိုက်
ကျောင်းတွင်း အားကစားပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ
အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပြုလုပ်ရန်

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

● နေပြည်တော်၊ အောက်တိုဘာလ(၂၂)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်း ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ညနေ(၃)နာရီခွဲအချိန်တွင် ဆက်လက် ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက် ကြည့်ရှု အားပေးခဲ့ကြ ပါသည်။

ယနေ့ ပထမအဆင့်အုပ်စုပတ် လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ(၃) နာရီခွဲအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်း ကွင်းအမှတ်(၁)၌ မန္တလေးတိုင်း ဒေသကြီးအသင်းနှင့် ရေဝတီတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ ကြရာ ရေဝတီတိုင်းဒေသကြီး အသင်းမှ မန္တလေးတိုင်းဒေသကြီး အသင်းကို (၁)ဂိုး ဂိုးမရှိ ဖြင့်လည်း ကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၃)၌ ကချင်ပြည်နယ် အသင်း နှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကချင်ပြည်နယ် အသင်းမှ ရှမ်းပြည်နယ်အသင်းကို (၂) ဂိုး (၁)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။















စာမျက်နှာ(၃၅)…မှစာဆက်

ကန်တွင် အားကစားနှင့်ပညာရေး ပေါင်းစပ်ဌာနခွဲမှ ရေကူး အားကစား သမားများ၏ ရေကူးသရုပ်ပြသမှုများ အားလည်းကောင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူထုအား ကစားနှင့်ပညာပေးဌာနခွဲမှ မြန်မာ့အား ကစားလှုပ်ရှားမှုများပြခန်း(အားကစား ပြတိုက်နှင့်ပြခန်း)အားလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအား လည်းကောင်း ကြည့်ရှုလေ့လာခဲ့ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာအား သုံးဆောင်ခဲ့ကြပြီးနောက် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟို ဌာန-၂၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန (လေ့ကျင့်ရေးဇာတ်ရုံ) နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် "၂၀၂၂ ခုနှစ်၊ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ" ယှဉ်ပြိုင်နေမှု များအား သွားရောက်ကြည့်ရှု လေ့လာ ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

● နေပြည်တော်၊ အောက်တိုဘာလ(၂၃)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံး ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ယနေ့ နံနက်(၇)နာရီနှင့် ညနေ(၃)နာရီခွဲ အချိန်တို့တွင် ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးထွန်းမြင့်ဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များလာ ရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက်(၇) နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်း ကွင်းအမှတ်(၃)၌ ကရင် ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ ကြရာ ကရင်ပြည်နယ်အသင်းမှ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို (၃)ဂိုး၊ (၂)ဂိုးဖြင့်လည်းကောင်း၊ ညနေ (၃)နာရီခွဲ အချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၁)၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရခိုင် ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစား ခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ရခိုင်ပြည်နယ်အသင်းကို (၃)ဂိုး၊ (၂)ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏ သိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၃)၌ တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ တနင်္သာရီတိုင်းဒေသ ကြီးအသင်းမှ ပဲခူးတိုင်းဒေသကြီး အသင်းကို (၃)ဂိုး၊ (၂)ဂိုးဖြင့်လည်း ကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ ကြောင်း သိရှိရသည်။













● ရန်ကုန်၊ အောက်တိုဘာလ(၂၅)ရက်။

ထိုင်းနိုင်ငံ၊ ဖူးခက်မြို့တွင် ၂၆-၁၀-၂၀၂၂ ရက်နေ့မှ ၂၈-၁၀-၂၀၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၁၃)ကြိမ်မြောက်အာဆီယံ အားကစားဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (13th ASEAN Senior Officials Meeting On Sports (SOMS- 13) and Related Meetings)သို့ တက်ရောက်ရန်အတွက် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည် ယနေ့နံနက်(၁၁)နာရီခွဲအချိန်တွင် လေယာဉ်အမှတ် WE 302 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ၊ ဖူးခက်မြို့သို့ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး U-16 (အမျိုးသား)ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ









● နေပြည်တော်၊ အောက်တိုဘာလ(၁၈)ရက် ။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး U-16 (အမျိုးသား) ဘောလုံးပြိုင်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ကျန်းမာကြံ့ခိုင်သော လူငယ်/လူရွယ်များ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ထူးချွန်ထက်မြက်သော ဘောလုံး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ယခုပြိုင်ပွဲအား ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအား သတ်မှတ်ထားသည့် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းနှင့်အညီ ကျင်းပပြုလုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းနှင့် မကိုက်ညီသော အားကစားသမားများ ခေါ်ဆောင်လာသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အလားအလာရှိပြီး ထူးချွန်ထက်မြက်သည့် ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများအား လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တွင် ရွေးချယ်၍ လေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆုကြေးငွေအဖြစ် ပထမဆု ကျပ်သိန်း(၃၀)၊ ဒုတိယဆု ကျပ်သိန်း(၂၀)၊ တတိယဆုကျပ်(၁၅)သိန်းနှင့် စတုတ္ထဆုကျပ်(၁၀)သိန်း၊ အကောင်းဆုံး အားကစားသမားဆုအား တစ်ဆုလျှင် ကျပ်(၂)သိန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုအား ကျပ်(၃)သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူနည်းပြများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊

ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် အားကစားလေ့ကျင့်ရေးစခန်းတွင် လာရောက်တည်းခို နေထိုင်စဉ်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ-၁၊ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်မှ ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်မှ သုတေသနစာတမ်းများ ပြုလုပ်ရန်အတွက် ကစားသမားများကို စစ်တမ်းကောက်ယူမေးမြန်းရာတွင် မှန်မှန်ကန်ကန်ဖြည့်စွက်ရန် မှာကြားထားပြီး အကြံပြုဆွေးနွေးတင်ပြချက်များကို ပြည့်စုံအောင်ရေးသားပေးကြရန်လိုကြောင်း၊ ပြောကြားခဲ့ပြီးနောက် အားကစားဆေးဘက်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးမှ Covid - 19 ရောဂါမဖြစ်အောင် ဂရုစိုက်နေထိုင်သွားလာကြရန်၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူမှ ပြိုင်ပွဲနှင့်ပတ်သက်သည့် ပြောင်းလဲနေသော စည်းမျဉ်း/စည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများ၊ အရေးယူမှုအပိုင်းများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ သွားလာနေထိုင် စားသောက်မှု၊ လေ့ကျင့်မှုဆိုင်ရာကိစ္စများနှင့်ပတ်သက်ပြီး တာဝန်ရှိသူများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ/နည်းပြများမှ ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အသီးသီး ဆွေးနွေးတင်ပြခဲ့ကြရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းပြုလုပ်၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါအခမ်းအနားကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ ပြိုင်ပွဲဝင်အသင်း(၁၃)သင်း၊ ပြိုင်ပွဲဝင်အင်အား (၂၉၇)ဦး တက်ရောက်ခဲ့ပြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို (၂၀-၁၀-၂၀၂၂)ရက်နေ့မှစ၍ (၃-၁၁-၂၀၂၂)ရက်နေ့ထိ ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်းအမှတ် (၁)နှင့်(၃)တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

■

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်၊ အောက်တိုဘာလ(၂၄)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံး ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၁)နှင့်(၃)တို့၌ ညနေ(၃)နာရီခွဲအချိန်တွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။





ယနေ့ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ(၃)နာရီခွဲအချိန်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ်(၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ တစ်ဖက်နှင့်တစ်ဖက်(ဂိုးမရှိ) သရေဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ်(၃)၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရှမ်းပြည်နယ်အသင်းကို (၂)ဂိုး (၁)ဂိုးဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အုပ်စုပထမဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ အုပ်စုဒုတိယဖြင့်လည်းကောင်း ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပါသည်။



# အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ အားကစားအဖွဲ့တာဝန်ခံများနှင့် စီမံအုပ်ချုပ်မှုနှင့်နည်းစနစ်ပိုင်းဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော်၊ အောက်တိုဘာ(၂၈)။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှ ကြီးမှူး၍ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက် ရှိသော အားကစားအဖွဲ့များ၏ တာဝန်ခံ၊ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားနည်းအလိုက် စီမံ အုပ်ချုပ်မှုနှင့် နည်းစနစ် ပိုင်းဆိုင်ရာအစည်းအဝေး (Administerial and Technical Meeting) အား ယနေ့ နေ့လယ် (၁း၀၀)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multi-purpose Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။





ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ (ရွှေ၊ ငွေ၊ ကြေး) အောင်မြင်မှု ဆုတံဆိပ်များ ရရှိစေရန်အတွက် တရုတ်နိုင်ငံသို့ အားကစားနည်းများအလိုက် Joint Training စေလွှတ်ပေးခြင်းဖြစ်ကြောင်း၊ Joint Training ကာလအတွင်း အုပ်ချုပ်သူ/နည်းပြများမှ အားကစားသမားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ ရာသီဥတုအခြေအနေ၊ လေ့ကျင့်ရေးသုံးပစ္စည်းများ၊ လေ့ကျင့်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နေ့စဉ်အစီရင်ခံစာ (Daily Report) တင်ပြပေးရန် လိုကြောင်း၊ Joint Training နှင့်ပတ်သက်၍ နည်းပြများအနေဖြင့် အုပ်ချုပ်မှုဆိုင်ရာကဏ္ဍတွင် ပေါ့လျော့မှု မရှိစေရေးနှင့် အားကစားသမားများအပေါ် သားသမီးများသဖွယ် ပြုစုစောင့်ရှောက်ပေးရန်လိုကြောင်း၊ အားကစားကဏ္ဍဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပြီး အားကစားလောက အောင်မြင်မှု ပိုမိုရရှိစေရေး နည်းပြနှင့် အားကစားသမားများမှ အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လေ့ကျင့်ရေးသုံး အားကစားအထောက်အကူပြုပစ္စည်းများ၊

စာမျက်နှာ(၄၆)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ ဌာနခွဲများမှ အရာထမ်း၊ အမှုထမ်းများ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းသို့ လာရောက်လေ့လာ

နေပြည်တော်၊ အောက်တိုဘာလ(၁၄)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ ယှဉ်ပြိုင်ရေး နှင့်





လေ့ကျင့်ရေးဌာနခွဲ(၁)၊ အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲနှင့် အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများသည် ယနေ့မွန်းလွဲ(၁း၀၀)နာရီ အချိန်တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ "မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်း" သို့ လာရောက်လေ့လာခဲ့ကြပါသည်။

ရှေးဦးစွာ ဌာနခွဲအသီးသီးရှိ အရာထမ်း၊ အမှုထမ်းများသည် လူထုအားကစားနှင့်ပညာပေးဌာနခွဲ၌ ထားရှိသော "မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း"အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစားလှုပ်ရှား ဆောင်ရွက်မှုများပြခန်း၊ မြန်မာ့အားကစားမော်ကွန်းခန်းမ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ



ပြခန်းနှင့် အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)များအား လာရောက်ကြည့်ရှု လေ့လာခဲ့ကြပြီး ပြခန်းများတွင် ထားရှိသော အားကစားသမိုင်း မှတ်တမ်းများနှင့် ပတ်သက်၍ သိလိုသည့် အကြောင်းအရာများအား လေ့လာမေးမြန်းခဲ့ရာ ပြခန်းတာဝန်ရှိသူများမှ အသီးသီးရှင်းလင်းပြောကြားခဲ့ကြောင်းသတင်းရရှိပါသည်။

---

စာမျက်နှာ(၄၅) ···မှအဆက်

အားကစားဝတ်စုံများနှင့် အခြားလိုအပ်သည်များရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားရန် လိုကြောင်း၊ အုပ်ချုပ်သူ/နည်းပြများအနေဖြင့် မိမိအားကစားသမားများ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် (ရွှေ၊ ငွေ၊ ကြေး) ဆုတံဆိပ်များရရှိစေရန်နှင့် ပြိုင်ပွဲတွင် အားကစားသမားကောင်းစိတ်ဓါတ်မွေးမြူပြီး မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားယှဉ်ပြိုင် သွားနိုင်ရေး စနစ်တကျ အထူးကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းပြများမှ အားကစားသမားများ၏ လေ့



ကျင့်မှု စံချိန်/စံညွှန်း နေ့စဥ်တိုးတက်မှု မှတ်တမ်းများကို တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အားကစားနည်းအလိုက် တာဝန်ခံ၊ အုပ်ချုပ်သူ/နည်းပြများမှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် လူရွေးချယ်ရေး၊ ကြံ့ခိုင်မှုစွမ်းရည် စစ်ဆေးခြင်း၊ ဆန်းစစ်ခြင်း၊ Event ရွေးချယ်ခြင်းနှင့် အားကစားနည်းအလိုက် အားကစားသမားများ၏ လေ့ကျင့်မှု စံချိန်/စံညွှန်းများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြခဲ့မှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လိုအပ်သည်များကို ပေါင်းစပ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ အားကစားနည်းအလိုက် တာဝန်ခံ၊ အုပ်ချုပ်/နည်းပြ(၇၅)ဦးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ ■

---

## ဂေါက်သီးအားကစားနည်း ဆောင်ပုဒ်

တည့်အောင်ချိန် ပြေးအောင်ရိုက် နီးအောင်ပို့
ကပ်အောင်တင် ဝင်အောင်သွင်း



# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းသို့ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားဟောင်း ဦးနန္ဒကျော်စွာနှင့်အဖွဲ့ လာရောက်လေ့လာ

● နေပြည်တော်၊ အောက်တိုဘာလ(၁၉)ရက်။ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်းသို့ ယနေ့ မွန်းလွဲ (၁း၃၀)နာရီအချိန်တွင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများဖြစ်ကြသော ဦးနန္ဒကျော်စွာ၊ ဦးမြင့်အောင်နှင့် ဒေါ်ချိုချိုတင်တို့ လာရောက်လေ့လာ ကြည့်ရှု ခဲ့ကြပါသည်။





ရှေးဦးစွာ မြန်မာနိုင်ငံရေကူး အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားဟောင်း ဦးနန္ဒကျော်စွာနှင့်အဖွဲ့သည် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းအတွင်း ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရလက်ထက် မြန်မာ့အားကစား လှုပ်ရှားမှုများပြခန်းအားလည်းကောင်း၊ မြန်မာ့အားကစား မော်ကွန်းခန်းမ အတွင်း မှတ်တမ်းတင်ထားရှိထားသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပုံတူ ရုပ်တုများအား လေ့လာကြည့်ရှုခဲ့ရာ လူထု အားကစားနှင့်ပညာပေးဌာနခွဲမှ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးဌေးအောင်မှ လိုက်လံ ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

● မန္တလေး၊ အောက်တိုဘာလ(၂၅)ရက်။ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဆောင်ရွက်သော အားကစားလှုပ်ရှားမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးပြေးခုန်ပစ်ဆပ်ကော်မတီတို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား/ အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောနေမင်းထွန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင် တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများ၊

စာမျက်နှာ(၅၀)သို့









ပထမဆု

# အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့် လူမျိုးတင့်

**မင်းယဉ်စု**





✦ အာရောဂျံ ပရမံ လာဘံ ၊ မြတ်ကြောင်းမှန်၏
ရုပ်နာမ်နှစ်ထွေနှော၊ အတ္တဘော၌
ကိုယ်ရောစိတ်ပါ၊ စင်ကြယ်စွာဖြင့်
ကျန်းမာခြင်းကား၊ လာဘ်တစ်ပါးဟု
ဘုရားသယမ္ဘူ၊ မိန့်တော်မူခဲ့
ပြည်သူကျန်းမာ၊ စိတ်ချမ်းသာပြီး
ဘယာကင်းဝေး၊ သောကအေးသော်
ပြည်ရေးရွာမှု၊ အစုစု၌
ကောင်းမှုစီမံ၊ ကောင်းအောင်ကြံ၍
နိုင်ငံတိုးတက်၊ တန်ခိုးထက်လိမ့်
ကိုယ်လက်လှုပ်ရှား၊ အားကစားကြောင့်
လူသား လူမွန်၊ လူရည်ချွန်မြ
ကျန်းမာကြပြီး၊ ကာယဉာဏ
စာရိတ္တမလျှိုင်၊ ကြံ့ကြံ့ခိုင်အောင်
မယိုင်မလဲ၊ ဇွဲနပဲဖြင့်
စွဲမြဲကျင့်ကြံသင့်တကား ။

✦ အမျိုးသမီးတို့ရေ အကျိုးကြီးစေဖို့
အမျိုးသားတို့ရေ အကျိုးများစေဖို့
ကြိုးကြိုးစားစား နီးနီးကြားကြားနဲ့
အားကစားကိုတဲ့ လုပ်ကြပါ ။

✦ တစ်ယောက်ကစ တစ်ရာ
နှစ်ယောက်စတော့ နှစ်ရာပေါ့
ကိုယ့်ဘာသာ ကိုယ်လုပ်ရာက
ကိုယ့်အိမ်မှာ ကိုယ့်ဇနီးနဲ့
ကိုယ့်သမီး ကိုယ့်သား အလျှိုအလျှိုမကွာ
အလိုလို ပါလာမှာ ။





✦ တစ်အိမ်မှာ တစ်မိသားစုရယ်နဲ့
ပေါင်းစုကာမပြတ် တရစပ်ပင်
တစ်ရပ်မှတစ်ရွာ တစ်နွယ်ငင်တစ်စင်ပါပြီး
တစ်ရွာကနေ တစ်နယ်သွား
တွင်ကျယ်စွာ ပြန့်ပွားပါလို့
အားကစား နေရာတကာ
ပျံ့နှံ့လာမှာ မှန်မလွဲ ။

✦ အတွေးမမှားပါနဲ့
ဆေးတစ်ပါးပမာ အားကစားသာမို့
ကိုယ်လက်လှုပ်ရှား မှန်မှန်လုပ်လျှင်ဖြင့်
ရုပ်တွင်မက စိတ်အသွင်ပါ
ဖြူစင်ကာ စိုပြည်ကြွပြီး
နဂိုရည်အလှ မက်မပြေအောင်
ကျက်သရေ တိုးမြင့်လွှန်ကဲ ။ ။

✦ စာမရှိသား
မြီးဖျားခုံမင်၊ ပုံအသွင်သို့
စုံလင်လှုပ်ရှား၊ အားကစားကို
အလေးထားရင်တွင်း၊ ချစ်ခင်ခြင်းသည်
စိတ်ရင်းကောန်၊ ကိုယ့်နိုင်ငံကို
အမှန်ချစ်ကြောင်း၊ ပြယုဂ်ကောင်းတည့်
ထောင်းထောင်းမြင့်မား၊ စွမ်းရည်များဖြင့်
အားကစားဂုဏ်ရောင်၊ ထွန်းလင်းပြောင်က
တန်ဆောင်ဆီမီး၊ ထိန်ထိန်ညီးသို့
ကောင်းချီးတေဇော်၊ နိုင်ငံတော်လည်း
ထင်ပေါ်ကျော်ကြား၊ ဂုဏ်တစ်ပါးတည့်

➤➤




အားကစားဖက်၊ ကိုယ်စိတ်သွက်၍
အသက်ရှည်စွာ၊ အနာမဲ့ရေး
ရောဂါဝေးလျက်
ဆေးဖိုးသက်သာ၊ လူကျန်းမာသည်
စမ်းမှာ ပန်းပမာ လန်းဖြာတကား ။

✦ ရခဲပေစွ ဒုလ္လဘတဲ့
ကြုံသမျှ လမ်းတစ်ကွေ့မှာ
သက်တမ်းစေ့ မျှော်ခေါ်လို့
နှစ်ဖော်ကြင်ရာအလှနဲ့
ပျော်ရွှင်စရာဘဝသားနားအောင်
အားကစားကိုတဲ့ လိုက်စားပါ ။

✦ မူးယစ်ဆေးဆိုလျှင် ရှောင်ဖယ်
ရောဂါကိုကြိုတင်ကာကွယ်ဖို့
အမှန်တကယ် အလုပ်မပျက်
အင်မတန်လွယ် အဟုတ်မခက်
သွက်သွက်လက်လက်နဲ့
ကိုယ်လက်ကိုတဲ့ လှုပ်ရှားပါ ။




✦ အားကစားနဲ့ နောင်တွင်အောင်မြင်ခဲ့ပါက
ရောင်စဉ်ဝင့်လက်ကာ
နိုင်ငံအတွက် တန်ခိုးအရှိန်အဝါ
လူမျိုးရဲ့ဂုဏ်သိက္ခာ
မြင့်တက်လာမှာ အသိပွား
ချင့်တွက်အခါခါ သတိထား ။

✦ မကြာတတ်ပါဘု
အနာဂတ်ဘဝသစ္စာန်မှာ
ဗလငါးတန် ဖွံ့ဖြိုးပြီး
အကျိုးဆက် မိုးထက် တိုးတက်တဲ့ လူသားအဖြစ်
စိတ်သစ်လူသစ် လူ့အနှစ်တို့
ထုဆစ်ကာ အားအင်သုံးပါလို့
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး
ကိုယ့်နိုင်ငံ ပြိုင်စံရှားအောင်
အားကစားနဲ့ ဖေးကူ အရေးတယူနဲ့
အတူတူ လူအများ အဟုတ်မနားဘဲ
လှုပ်ရှားစို့လား ။ ။




မင်းယဉ်ရု

၁။ အာရောဂျံ ပရမံ လာဘံ = ကျန်းမာခြင်းသည်
အမြတ်ဆုံး လာဘ်လာဘ။
(ဓမ္မပဒ သုခဝဂ်)
၂။ အတ္တဘော = ခန္ဓာကိုယ်။
၃။ သယမ္ဘူ = ဘုရား၊ ပစ္စေကဗုဒ္ဓါ။
၄။ ဗလငါးတန် = ကာယဗလ၊ ဉာဏဗလ၊
စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ။

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းသို့ (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာ့ရိုးရာခြင်းလုံးအားကစားသမားများလာရောက်လေ့လာ









● နေပြည်တော်၊ အောက်တိုဘာလ(၂၆)ရက်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင် လေ့ကျင့်လျက်ရှိသော မြန်မာ့ရိုးရာခြင်းလုံးအားကစားသမားများသည် ယနေ့ ညနေ(၃)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရ လက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်း မှတ်တမ်းတင်ထားရှိထားသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်တုများအား လာရောက်ကြည့်ရှု လေ့လာခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပြီး သိရှိမေးမြန်းလိုသည်များကို ပြခန်းတာဝန်ရှိသူများမှ လိုက်လံ ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရပါသည်။

■





▶ စာမျက်နှာ(၄၇)မှ စာဆက်

ပြိုင်ပွဲဝင် မြို့နယ်(၁၀)မြို့နယ်မှ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမား စုစုပေါင်း(၁၈၀)ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ ပြိုင်ပွဲများအဖြစ် (၂၅-၁၀-၂၀၂၂) ရက်နေ့ နံနက် (၇း၃၀) နာရီအချိန်မှ စတင်၍ အမျိုးသား/အမျိုးသမီး မီတာ(၅၀၀၀) အပြေးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ မီတာ(၈၀၀) ပြိုင်ပွဲနှင့် အမျိုးသားမီတာ(၁၁၀)တန်းကျော်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ(၁၀၀) တန်းကျော်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောနေမင်းထွန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင် တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီဒု ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တာဝန်ရှိသူများက ရွှေတံဆိပ်ဆုရ အားကစားသမား တစ်ဦးလျှင် ကျပ်(၁၀၀၀၀/)၊ ငွေတံဆိပ်ဆုရ အားကစားသမားအား ကျပ်(၇၀၀၀/-) နှင့် ကြေးတံဆိပ်ဆုရ အားကစားသမားအား ကျပ်(၅၀၀၀/) ဖြင့် ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရှိရပါသည်။

■

# အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က ဝန်ထမ်းများနှင့် လစဉ်တွေ့ဆုံ ဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနားကျင်းပ

● မော်လမြိုင်၊ အောက်တိုဘာလ(၇)ရက်။

အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ဌာနခွဲ တာဝန်ခံ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများနှင့် လစဉ် တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ) အခမ်းအနားကို ယနေ့ နေ့လယ် (၁၄:၀၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံးစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအားဌာန Uniform များဖြင့် သပ်သပ်ရပ်ရပ် တက်တက်ကြွကြွ လန်းလန်းဆန်းဆန်းဖြင့် တွေ့ရတာ ဝမ်းသာပါကြောင်း၊ မိမိအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား ဝန်ထမ်းများ အားလုံးကို ထပ်ဆင့်ရှင်းလင်း ပြောကြားသွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်မှာကြားချက်အရ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှကာကွယ်ရန် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရန်လိုကြောင်း၊ ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည်ဒုတိယ၊ စံချိန်သည် တတိယဖြစ်ကြောင်း၊ ရုံး/ဌာနများတွင် တာဝန် ထမ်းဆောင်သည့် ဝန်ထမ်းများမဖြစ်မနေ Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင်သတ်မှတ် အကွာအဝေးအတိုင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိအပြင် အတူနေ မိသားစုဝင်များသည်လည်း ကိုဗစ် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးရန်လိုအပ်ကြောင်း၊ ဌာနမှခေါ်ယူသော သင်တန်းများတွင်လည်း ပထမဆုရရှိပါက ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ရှိ ဝန်ထမ်းများနှင့် သင်တန်းသား/သင်တန်းသူများ သီတင်းကျွတ်ပိတ်ရက်တွင် ပျော်ရွှင်စေရန် သီချင်းဆိုပြိုင်ပွဲ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ အတန်း(၂)တန်းခွဲ၍ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးကို အထူး ဂရုစိုက်ကြရန်လိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)၏ ဆောင်ပုဒ်အတိုင်း "ရိုးသားပါ၊ ကြိုးစားပါ၊ စေတနာ ထားလုပ်ကိုင်ပါ"ဟု ပြောကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ပျော်ပျော်ပါးပါး လုပ်ကိုင်ဆောင်ရွက်ဖို့ တိုက်တွန်း ပြောကြားလိုကြောင်း၊ ညီအစ်ကိုမောင်နှမ စိတ်ထားရှိပြီး စည်းစည်း လုံးလုံးရှိရန်လိုကြောင်း၊ ဝန်ကြီးလမ်းညွှန်ချက်အရ ကိုယ်ချင်းစာတရားထားပြီး ညီရင်းအစ်ကိုပမာ ဝန်ထမ်းအချင်းချင်း ပေါင်းစပ် ဆောင်ရွက်လျှင် အောင်မြင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ပျော်ရွှင်ဖို့လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် အခက်အခဲများရှိပါက လွတ်လပ်စွာ တင်ပြနိုင်ကြောင်း၊ ကိုဗစ်ကင်းဝေးပြီး နိုင်ငံတော်မှပေးအပ်သောတာဝန်များကို ဆထက်ထမ်းပိုး သယ်ပိုးနိုင်သူများဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းကြောင်း ပြောကြားသွားပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ဌာနစိတ်အလိုက်ဝန်ထမ်းများမှ တင်ပြစရာ ရှိသည့်အကြောင်းအရာများအား တင်ပြကြပြီး အားကစားနှင့်ကာယ ပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး၊ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီးနောက် အိမ်တွင်းမှုနှင့် လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းတွင် ပထမဆုရရှိသော ဌာနခွဲစာရေး ဦးကျော်ကျော်အောင်အား ဂုဏ်ပြုငွေကျပ်(၁)သိန်း ဆုချီးမြှင့်ပေးပြီး ဝန်ထမ်းအသစ်(၂)ဦးအား ဌာနယူနီဖောင်း မွန်ပုဆိုးနှင့်ထမီများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများ နှင့်လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်း၊ စုစုပေါင်း(၆၄)ဦး တက်ရောက်ခဲ့ကြပြီး ဒါဘာအပြီးတွင် ကြာဇံဟင်းခါး(ကြက်သားကြာဇံချက်)များကို စားသုံးခဲ့ကြကြောင်း သိရှိရပါသည်။











# အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်မှ အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများအား တွေ့ဆုံခြင်းနှင့် အမှတ်တရ လက်ဆောင်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

● မော်လမြိုင်၊ အောက်တိုဘာလ(၇)ရက်။

အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)တွင် ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်နှင့် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများအား ကြောင်း၊ မိမိတို့၏ ကျောင်းသား/ကျောင်းသူများသည် ပြင်ပတွင်တက်ရောက်နေသော ကျောင်းသား/ကျောင်းသူများနှင့်နှိုင်းယှဉ်လျှင် ပညာရေးတွင် အားနည်းမှုရှိကြောင်း၊ ယခုပညာသင်နှစ်တွင် အောင်ချက်မြင့်မားရေးအတွက်ဆရာ၊ ဆရာမများအနေဖြင့် ကြိုးစားကူညီပေးရန် တိုက်တွန်းပြောပြောကြားရာတွင် မိမိတို့ကျောင်း ၏ ဝန်ထမ်းဖွဲ့စည်းပုံ အင်အားစာရင်းအရ ယခုပညာသင်နှစ်တွင် ရာထူးတိုးနှင့် အပြောင်းအရွှေ့များရှိသဖြင့် ဆရာ/ဆရာမအင်အား လိုအပ်နေသေးကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မိမိတို့ကျောင်းအနေဖြင့် လူရည်ချွန်စာမေးပွဲကို ရေးဖြေ၊ နှုတ်ဖြေနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ကျောင်းသူများပါ ထည့်သွင်းချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးဦးနေမျိုးလွင်မှ အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်





တွေ့ဆုံခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နေ့လယ်(၁၃း၀၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာသူများမှ တစ်ဦးချင်း မိတ်ဆက်ကြပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အမှာစကား ပြောကြားရာတွင် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းဖြစ်သည့်အတွက် မိမိတို့ဌာနအနေဖြင့် လိုအပ်ချက်များအား တတ်နိုင်သည့်ဘက်မှ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါကြားလိုကြောင်း၊ ကျောင်းသား/ကျောင်းသူများ၏ပညာရေးနှင့်ပတ်သက်ပြီး လိုအပ်ချက်များ၊ အခက်အခဲများအားတင်ပြနိုင်ပါကြောင်း၊ ယခုအစည်းအဝေးသည် ဆရာ၊ ဆရာမများပြောင်းရွှေ့သွားခြင်းနှင့် အသစ်ရောက်ရှိလာခြင်းအပေါ် တွေ့ဆုံမိတ်ဆက်ခြင်းဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများအတွက် အမှတ်တရ Track Suit အင်္ကျီများ ပေးအပ်လို၍ ဖြစ်ပါကြောင်း၊ အောင်ချက်မြင့်မားရေး အစည်းအဝေးကို သီးခြားပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းမှ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုများကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ ကျောင်းသား/ကျောင်းသူများ၏ ထူးချွန်သည့်ရလဒ် အပေါ်မူတည်ပြီး အတန်းတစ်တန်းတွင် ကျောင်းသား(၁)ဦး၊ ကျောင်းသူ(၁)ဦးဖြေဆိုရမည်ဖြစ်ကြောင်း Grade-11(သင်ရိုးဟောင်း) ကျောင်းသား/ကျောင်းသူ (၆)ဦးအား တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် မိမိတို့အနေဖြင့် စနစ်တကျပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုဝင်ဘာလတွင် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ လိုအပ်သည်များ ထောက်ပံ့ပေးနိုင်ပါရန်နှင့် စာစီစာကုံး၊ တန်းကျောင်း ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား အမှတ်တရလက်ဆောင် Track Suit များ ပေးအပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပညာရေးဌာနစိတ်မှ ဦးစီးအရာရှိနှင့် ရုံးအုပ်များ၊ အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

## လူထုအားကစား ဆိုသည်မှာ

ငွေကုန်ကြေးကျနည်းပြီး လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး အားကစားကွင်း/အားကစားရုံ အားကစားလေ့ကျင့်ရေး အထောက်အကူပစ္စည်းမလိုအပ်ဘဲ စုပေါင်းလေ့ကျင့်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုဖြစ်သည်။

# အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)တွင် တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများ နှင့် မိတ်ဆက်ပွဲကျင်းပ

● တောင်ကြီး၊ အောက်တိုဘာလ(၁၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)တွင် တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများနှင့် မိတ်ဆက်ညစာစားပွဲကို အောက်တိုဘာ(၈)ရက်နေ့က အေးသာယာမြို့ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) မိုးလုံ လေလုံ အားကစားရုံ၌ ကျင်းပသည်။

မိတ်ဆက်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ကျောင်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ(၁၇)ရက်မှ စတင်၍ အားကစားနည်း(၁၀)နည်းဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းတော်မှ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားသမား ၃၁၃ ဦး၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမား ၃၅ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အာဆီယံအဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၌ ၂၀၁၇ ခုနှစ်တွင် လေးဦး ပါဝင်ယှဉ်ပြိုင်ရာ ကြေးတံဆိပ် သုံးခု ရရှိပြီး၊ ၂၀၁၈ ခုနှစ်တွင် ၁၃ဦး ပါဝင်ယှဉ်ပြိုင်ရာ ရွှေတံဆိပ်နှစ်ခု ရရှိကာ၊ ၂၀၁၉ ခုနှစ်တွင် ခုနစ်ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း၊ B.Sc (Sports) သို့ တက်ရောက်သော အင်အားမှာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အမျိုးသားတစ်ဦး၊ အမျိုးသမီး ခြောက်ဦး၊ စုစုပေါင်း ခုနစ်ဦး တက်ရောက် သင်ကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ B.Sc (Sports) သို့ တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး မွေးထုတ် ပေးနိုင်ခဲ့ကြောင်း၊ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍လည်းကောင်း၊ လင်းမြတ်နိုင် ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၊ ယွန်းပိုသံစဉ် ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၊ ရေလယ်ကျွန်းဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၁၀သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ ငွေကျပ်သိန်း ၃၀၊ ရေလယ်ကျွန်းဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီးက လက်ခံယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျောင်းသား/ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြကြောင်းသိရသည်။










# အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ညွှန်ကြားရေးမှူး နှင့် ဝန်ထမ်းများတွေ့ဆုံပွဲနှင့်ဝန်ထမ်းသက်သာဆန်ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကျင်းပ

● ရန်ကုန်၊ အောက်တိုဘာလ(၁၄)ရက်။

အားကစားနှင့်ကာယပညာဦးစီး ဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်း များတွေ့ဆုံပွဲနှင့်ဝန်ထမ်းသက်သာဆန် ထောက်ပံ့ ပေးအပ်ခြင်း အခမ်းအနား ကို ယနေ့ နေ့လယ်(၂)နာရီတွင် အား ကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အား ကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ဒုတိယ ကျောင်း အုပ်ကြီးများနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဌာနစိတ်အလိုက် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၇၂)ဦး တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်း အုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေမှ အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအနေ ဖြင့် တာဝန်ထမ်းဆောင်ရာတွင် ဌာန စိတ်အလိုက် စနစ်တကျ စည်းစည်း လုံးလုံး ဆောင်ရွက်ကြရန်နှင့် ကျင့်ဝတ် နှင့်အညီ ပြောဆိုနေထိုင်ကြရန်၊ အချိန် နှင့်တစ်ပြေးညီ လိုက်နာဆောင် ရွက် ကြရန်၊ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ စည်းကမ်းများကိုလိုက်နာပြီး၊ မဖြစ် မနေ Mask တပ်ခြင်း၊ လက်ဆေး ခြင်း၊ အပူချိန်တိုင်းတာခြင်း၊ ရုံးလုပ်ငန်း များ ဆောင်ရွက်ရာတွင် သတ်မှတ် အကွာအဝေးအတိုင်း ဆောင်ရွက် သွား ရန်နှင့် လုံခြုံရေးသတိအမြဲရှိပြီး အထူး ဂရုစိုက်ကြရန်လိုအပ်ကြောင်းနှင့် ဌာနမှ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် အခါအားလျော်စွာ ဆောင်ရွက်ပေး လျက်ရှိရာ ယခုတွင်လည်း ဝန်ထမ်း တစ်ဦးလျှင် ဆန်(၃)ပြည်နှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။



ထို့နောက် အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်) ဌာနစိတ်အလိုက် ဝန်ထမ်းများမှ တင်ပြစရာရှိသည့် အကြောင်းအရာများကို ဆွေးနွေး တင်ပြကြရာ အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေမှ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး၊ နိဂုံးချုပ် အမှာစကား ပြောကြားပြီးနောက် ဝန်ထမ်းသက်သာဆန် ထောက်ပံ့ပေး အပ်ခဲ့ကြောင်း သိရှိရသည်။






■

# အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) (၅)နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

● လှိုင်ကော်၊ အောက်တိုဘာလ(၂၁)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ အားကစားနှင့်ကာယ ပညာ သိပ္ပံ(လှိုင်ကော်) (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်(၁၀)နာရီခွဲ အချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) စပေါင်းခန်းမ၌ ကျင်းပပြု လုပ်ခဲ့ရာ အခမ်းအနားသို့ ကယား ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်း ထိုက်ဦး၊ အားကစားနှင့်ကာယပညာ သိပ္ပံ(လှိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြ၊ ဒုတိယကျောင်းအုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်း သား၊ သင်တန်းသူများ တက်ရောက်ခဲ့ ကြပါသည်။

ရှေးဦးစွာ အားကစားနှင့်ကာယ ပညာသိပ္ပံ(လှိုင်ကော်)ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြက အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းကို နောင် ယာ(က)ရပ်ကွက် (ယခင် ကန္ဒရဝတီ အားကစားရင်ပြင်) ၁၉၉၅ ခုနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းသား အားကစားပွဲတော် ကျင်းပပြုလုပ်ခဲ့ သည့် အကျယ်အဝန်း (၁၄ဒသမ၆၃) ဧကရှိ မြေနေရာတွင် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆို (၅)နှစ်ပြည့် ပြီဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ တွင် ဆုရရှိခဲ့သော သင်တန်းသား၊






စာမျက်နှာ(၅၅)သို့

စာမျက်နှာ(၅၄)…မှစာဆက်

သင်တန်းသူများမှလည်း အားကစား သမားစိတ်ဓာတ်များထားရှိပြီး နိုင်/ရှုံး သည် ပဓာနမကျဘဲ ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဆိုတဲ့ ခံယူချက်ဖြင့် ယှဉ်ပြိုင်ကြသည်ကို တွေ့ရှိရ၍ အလွန်ဝမ်းသာမိပါကြောင်း၊ ယနေ့ ကျင်းပ








ပြုလုပ်သည့် အခမ်းအနားသည် အင်မတန်မှ ကျက်သရေမင်္ဂလာရှိသော ပွဲဖြစ်ပါကြောင်း ပြောကြားသွားပါသည်။

ဆက်လက်ပြီး အခမ်းအနားတွင် မီတာ(၁၀၀×၄)လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော သင်တန်းသား၊ သင်တန်းသူများအား အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြာမှလည်းကောင်း၊ မီတာ(၁၀၀) တစ်ဦးချင်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော သင်တန်းသား၊ သင်တန်းသူများအား ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးမှလည်းကောင်း၊ သံလုံးပစ်(Short-Put) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအားဒုတိယကျောင်းအုပ်စီမံ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွေးမှလည်းကောင်း၊ ခြေသုံးချောင်းထောက် (Rhythmic Rul 75 m) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဒုတိယ ကျောင်းအုပ်လေ့ကျင့်ရေး ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းထက်အောင်မှလည်းကောင်း၊ အာလူးကောက်ပုံစံ (Shuttle Run )(10m, 15m, 20m, 25m) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား လက်ထောက် ညွှန်ကြားရေးမှူး ဦးနီကိုဒေးမိုမှ လည်းကောင်း၊ အလျားခုန် (Long Jump) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြနှင့် ဒိုင်လူကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများအား လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်တို့မှ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကယား ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်)ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံခဲ့ပြီး ကာရာအိုကေဖြင့် သီဆိုဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

**မြင်းစီးအားကစားနည်း ဆောင်ပုဒ်**

စိတ်ဓာတ်မြင့်မား မြင်းစီးအားကစား



# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းသို့ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဝင် ကရင်ပြည်နယ်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများ လာရောက်ကြည့်ရှုလေ့လာ

● နေပြည်တော်၊ အောက်တိုဘာလ(၂၆)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ လာရောက်ယှဉ်ပြိုင်သည့် ကရင်ပြည်နယ်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများသည် ယနေ့ နံနက်(၉)နာရီခွဲအချိန်တွင်နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone အတွင်းရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရ လက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်း မှတ်တမ်းတင် ထားရှိထားသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ ပုံတူရုပ်တုများအား လာရောက်ကြည့်ရှုလေ့လာခဲ့ကြရာ သိရှိမေးမြန်းလိုသည်များကို ပြခန်းတာဝန်ရှိသူများမှ လိုက်လံရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရှိရပါသည်။







# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းသို့ ၂၀၂၂ ခုနှစ် အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းမှ အားကစားသမားများ လာရောက်ကြည့်ရှုလေ့လာ

● နေပြည်တော်၊ အောက်တိုဘာလ(၂၈)ရက်။

၂၀၂၂ ခုနှစ် အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများသည် ယနေ့ နံနက်(၁၁)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone အတွင်းရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် မြန်မာ့အားကစား မော်ကွန်းခန်းမအတွင်း မှတ်တမ်းတင်ထားရှိထားသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်တုများအား လာရောက်ကြည့်ရှုလေ့လာခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ပြီး သိရှိမေးမြန်းလိုသည်များကို ပြခန်းတာဝန်ရှိသူများမှ လိုက်လံရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရပါသည်။







# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းသို့ ၂၀၂၂ ခုနှစ် အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မကွေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများ လာရောက်ကြည့်ရှုလေ့လာ

● နေပြည်တော်၊ အောက်တိုဘာလ(၃၁)ရက်။

၂၀၂၂ ခုနှစ် အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မကွေးတိုင်းဒေသကြီးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများသည် ယနေ့ နံနက်(၁၀)နာရီအချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၊ အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် မြန်မာ့အားကစားမော်ကွန်းခန်းမအတွင်း မှတ်တမ်းတင်ထားရှိသည့် နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ပုံတူရုပ်တုများအား လာရောက်ကြည့်ရှုလေ့လာခဲ့ပြီးနောက် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး သိရှိမေးမြန်းလိုသည်များကို ပြခန်းတာဝန်ရှိသူများမှ လိုက်လံရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရပါသည်။







# ၂၀၂၂ ခုနှစ်၊ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

● ရန်ကုန်၊ အောက်တိုဘာလ(၄)ရက်။

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းပြ နှင့် ဒိုင်သင်တန်းကို နိုင်ငံတော်ရဲ့ ဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုတဲ့ အမျိုးသားရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နဲ့ အမျိုးသမီးထုကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကြံ့ခိုင်မှု လေ့ကျင့်ရေး နည်းပြနှင့်ဒိုင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၉)နာရီအချိန်က ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယ ကျောင်းအုပ်ကြီး ဦးဗလကျော်သူနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသူများတက်ရောက် ကြသည်။

ရှေ့ဦးစွာ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒီသင်တန်းမှ ဒိုင်သင်တန်းတက်ရောက်သွားကြတဲ့ ဒိုင်များအနေနဲ့လည်း နှစ်စဉ်ကျင်းပတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (Aerobic) ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများမှာ ဘက်လိုက်မှုကင်းပြီး တိတိကျကျ မှန်ကန်စွာ





>>>

# အားကစားနှင့်ကာယပညာသိပ္ပံအသင်း နိုင်ပွဲ ပြန်လည်ရယူ

● ရန်ကုန်၊ အောက်တိုဘာလ(၉)ရက်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ဒုတိယနေ့အဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယနေ့တွင် ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဇယားအောက်ဆုံးရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်းအတွက် ဖိအားတိုးစေသည့် နောက်ထပ် ရှုံးပွဲဖြစ်ခဲ့ပြီး ၁၃ ပွဲ ကစားပြီးချိန်တွင် နိုင်ပွဲလုံးဝမရသေးသည့် အနေအထားကြောင့် MNL တွင် ဆက်လက်ကျန်ရှိရန် ခက်ခဲသွားပြီဖြစ်သည်။ အား/ကာသိပ္ပံအသင်းမှာမူ ဂိုးပြတ်နိုင်ပွဲဖြင့် နိုင်ပွဲပြန်လည်ရှာဖွေနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်အသင်းမှာမူ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားနှစ်ဦး ထည့်သွင်းအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေး ပွဲစကတည်းက ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံအသင်းက ဒုတိယပိုင်းသွင်းဂိုးများကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစ ၅ မိနစ်တွင် မင်းမြတ်စိုးက အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးစတင် သွင်းယူခဲ့သော်လည်း ၄၃ မိနစ်တွင် သိန်းသန်းဝင်းက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျနေသည်။ ဒုတိယပိုင်းတွင်မူ အား/ကာသိပ္ပံအသင်းက အခွင့်အရေးများ အသုံးချနိုင်ခဲ့ပြီး သိန်းဇော်သီဟက ၅၁၊ ၅၅ မိနစ်တွင် နှစ်ဂိုးဆက် သွင်းယူခဲ့သည်။ နှစ်ဂိုးဆက်ပေးလိုက်ရသဖြင့် ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံအသင်းခံစစ်က အမှားအယွင်းမရှိဖျက်ထုတ်နိုင်ခဲ့ပြီး အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၉၀+၄ မိနစ်တွင် ကျော်မျိုးနိုင်က သွင်းယူခဲ့သည်။ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၃ ပွဲကစား ရမှတ် ၂၀ ရရှိထားပြီး ရခိုင်ယူနိုက်တက်အသင်းက၁၃ပွဲကစား ပွဲတိုင်း အရေးနိမ့်ကာ အမှတ်မရသေးပေ။



ပွဲစဉ်(၁၅) တတိယနေ့ကို အောက်တိုဘာ ၁၀ ရက်နေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှောဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ်(၉)ခု ရရှိရန် ကမ္ဘောဒီးယားနိုင်ငံမှ မျှော်မှန်း

ကမ္ဘောဒီးယားအရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ (CAMSOC) မှ ချမှတ်ထားသည့် ဆုလျာထားချက်နှင့်အညီ ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားဗိုဗီနမ်အသင်းမှ ရွှေတံဆိပ်(၉)ခု ရရှိရန် ရည်မှန်းထားပါကြောင်း ကမ္ဘောဒီးယားဗိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Ou Ratana က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားဗိုဗီနမ်အဖွဲ့ချုပ်(CVF)သည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အတိုက် အားကစားနည်း(၉)မျိုးနှင့် စွမ်းရည်ပြအားကစားနည်း(၂၄)မျိုး စုစုပေါင်း အားကစားနည်း အမျိုးအစား (၃၃)မျိုး ထည့်သွင်းကျင်းပရန် ပြင်ဆင်ထားပါသည်။ ကမ္ဘောဒီးယားတိုက်ကွမ်ဒိုအားကစားနည်းမှ ရွှေတံဆိပ်(၁၅)ခု အများဆုံးမျှော်မှန်းထားရှိပြီး ဗိုဗီနမ် အားကစားနည်းမှ ဒုတိယအများဆုံး ရွှေတံဆိပ်(၉)ခုဖြင့် ဆွတ်ခူးနိုင်ရန် အလားအလာအရှိဆုံးသော အားကစားနည်းအဖြစ် သတ်မှတ်ထားရှိပါသည်။

ကမ္ဘောဒီးယားဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြများနှင့် အားကစားသမားများမှ မိမိတို့၏ ရည်မှန်းချက်ကို အောင်မြင်စေရန်အတွက် ပြင်းထန်စွာ လေ့ကျင့်လျက်ရှိပြီး (၂၀၂၂) ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ်(၃)ခုအပြင် ထပ်မံ၍ ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအား ကစားပြိုင်ပွဲတွင် နောက်ထပ်ရွှေတံဆိပ်(၆)ခု ဆွတ်ခူးနိုင်ရေးအတွက် ကြိုးစားလေ့ကျင့်ဆောင်ရွက်ကြရန် တိုက်တွန်းအားပေးခဲ့သည်။

ကမ္ဘောဒီးယားဗိုဗီနမ်အသင်းသည် ၂၀၂၂ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၃)ခု၊ ငွေတံဆိပ်(၂)ခုနှင့် ကြေးတံဆိပ်(၉)ခု ရရှိခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း(၁၅)မျိုးတွင် ရွှေတံဆိပ်ရရှိမှု အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်နှစ်ဦးဖြစ်သည့် Ae Virak Kham-chhit Phouthang နှင့် Ms Pal Chhar Rasmey တို့က နိုင်ငံအတွက် ရွှေတံဆိပ်များစွာ ရယူပေးနိုင်ရန်အတွက် ပြင်းထန်စွာ လေ့ကျင့်ကြိုးစားသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရည်မှန်းထားသော ရွှေတံဆိပ်ဆု(၉)ခု ဆွတ်ခူးရရှိစေရေး ဦးတည်လျက် အားကစားသမားများ၊ ခံသမာဓိများ၊ ဒိုင်များ၏ နည်းပညာ စွမ်းရည်များအားတိုင်းထွာသတ်မှတ်နိုင်ရန်အတွက် ကမ္ဘောဒီးယားဗိုဗီနမ်အဖွဲ့ချုပ်သည် (၆)ကြိမ်မြောက် အရှေ့တောင်အာရှဗိုဗီနမ်တံခွန်စိုက်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ မတ်လ(၂၅)ရက်နေ့ မှ (၃၀)ရက်နေ့အထိ ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိကြောင်းသိရှိရပါသည်။

ဘာသာပြန်- အား/ကာဦးစီးဌာန၊ စီ/သုရုံးအဖွဲ့

>>

သုံးသပ်ဆုံးဖြတ်နိုင်တဲ့ သမာသမတ်ကျသော ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်သွားကြရမှာဖြစ်သလို နည်းပြများအနေဖြင့်လည်း မိမိတာဝန်ကျရာဒေသများတွင် အားကစားသမားများအား အမှတ်ပေး စည်းမျဉ်းနှင့်အညီ ကစားကွက်များကို သေချာ သင်ကြားပြသ၍ ပြိုင်ပွဲဝင်နိုင်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ကိုယ်စွမ်း ရှိသလောက် ဉာဏ်စွမ်းရှိသလောက် ပူးပေါင်းကြိုးစား ဆောင်ရွက်သွားကြပါရန် ပြောကြားခဲ့ပြီး အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ သင်တန်းသူ စုစုပေါင်း (၃၉)ဦး တက်ရောက် ကြပြီး သင်တန်းအား အောက်တိုဘာလ (၁၂)ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



# ၂၀၂၂ ခုနှစ်၊ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းပြနှင့်ဒိုင်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ





















● ရန်ကုန်၊ အောက်တိုဘာလ(၁၂)ရက်။

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းပြနှင့်ဒိုင်သင်တန်းကို နိုင်ငံတော်ရဲ့ ဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုတဲ့ အမျိုးသားရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နဲ့ အမျိုးသမီးထုကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး ဖွင့်လှစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲ အခမ်းအနားကိုယနေ့ နံနက်(၉)နာရီအချိန်က ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြ ဆရာများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေက သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက နှစ်သိမ့်ဆုရရှိသူ ကသ-၃၇ မသိန်းသန်းသူ(ရှမ်းပြည်နယ်) နှင့် ကသ-၃၂ မဇွန်ဝါအောင် (ရန်ကုန်တိုင်းဒေသကြီး)၊ တတိယဆုရရှိသူ ကသ-၄ မအောင်းဘူ(ကချင် ပြည်နယ်)၊ ဒုတိယဆုရရှိသူ ကသ-၂၂ မဂျူးမြတ်နိုးစံ(မန္တလေးတိုင်း ဒေသကြီး)နှင့် ပထမဆုရရှိသူ ကသ-၃၄ မအိကျော်ဇင် (ရန်ကုန်တိုင်း ဒေသကြီး)တို့အား အသီးသီးဆုချီးမြှင့်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ညို့က သင်တန်းကြီးကြပ်သူများနှင့် နည်းပြဆရာမများအား အမှတ်တရဂုဏ်ပြု လက်ဆောင် ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသူများက ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း သရုပ်ပြသခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

# အမျိုးသားတံခွန်စိုက်ဖလားအလွတ်တန်း ဘတ်စကက်ဘောအမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲပြိုင်ပွဲကျင်းပ

















● ရန်ကုန်၊ အောက်တိုဘာလ(၁၈)ရက်။

၂၀၂၂ ခုနှစ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှကြီးမှူးကျင်းပသော အမျိုးသားတံခွန်စိုက်ဖလား အမျိုးသား၊ အမျိုးသမီး အလွတ်တန်းဘတ်စကက်ဘောဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

အဆိုပါဗိုလ်လုပွဲ အမျိုးသမီးပြိုင်ပွဲတွင် M.O.H.A. အသင်းက Power အသင်းကို ၆၁ မှတ် ၃၆ မှတ် ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် RRY အသင်းက M.O.H.A. ကို ၉၂ မှတ် ၇၇ မှတ်ဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲများအပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ M.O.H.A. အသင်း၊ ဒုတိယဆုရ Power အသင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ RRY အသင်း၊ ဒုတိယဆုရ M.O.H.A. အသင်း၊ တတိယဆုရ Sam Par Oo အသင်းနှင့် အမျိုးသားအကောင်းဆုံး

>>>



# ၂၀၂၂ ခုနှစ်၊ အာရှလူငယ်စစ်တုရင်ပြိုင်ပွဲ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်

● ရန်ကုန်၊ အောက်တိုဘာလ(၂၁)ရက်။

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၌ အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် ၂၀၂၂ ခုနှစ်၊ အာရှလက်တမ်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင် (Asia Youth Chess Championship -2022 )ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု စစ်တုရင် အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာမှ လူငယ်ကစားသမား အသက် ၁၈ နှစ်အောက်တွင် စိုင်းဟန်သီဟ၊ အသက် ၁၆ နှစ်အောက်တွင် ဇော်ရဲထွဋ်၊ အသက် ၁၀ နှစ်အောက်တွင် ဟိန်းသန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် အမျိုးသားအသက် ၁၈ နှစ်အောက် ပြိုင်ပွဲ၌ စိုင်းဟန်သီဟက ကိုးပွဲကစား သုံးပွဲနိုင် ၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ငါးမှတ်ရရှိခဲ့ပြီး Final Ranking 12 ဖြင့် ရရှိခဲ့ပြီး၊ အမျိုးသား အသက် ၁၆ နှစ်အောက်



ပွဲစဉ်တွင် ဇော်ရဲထွဋ်က ကိုးပွဲကစား သုံးပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးငါးမှတ်ဖြင့် Final Ranking 17 ရရှိခဲ့ကာ၊ အသက် ၁၀ နှစ်အောက်တွင် ပြိုင်ပွဲဝင် ၅၆ ဦး၌ ဟိန်းသန့်က အဆင့် ၅၂ ရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအသက် ၈ နှစ်၊ ၁၀ နှစ်၊ ၁၂နှစ်၊ ၁၄နှစ်၊ ၁၆နှစ်၊ ၁၈ နှစ် ပါဝင်ခဲ့ပြီး မြန်မာမှပြိုင်ပွဲသုံးမျိုးသာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ " ဒီပြိုင်ပွဲပြီးသွားရင် ချင်းမိုင်မှာ ကျင်းပမယ့် ထိုင်းအိုးပင်း ပြိုင်ပွဲရှိတယ်။ အဲဒီပြိုင်ပွဲကိုလည်း သွားပြိုင်မယ်။ ဒါ့အပြင် နိုဝင်ဘာလဆန်းမှာ ဘန်ကောက်တွင် အရှေ့အာရှ လူငယ်ပြိုင်ပွဲရှိတယ်၊ လူငယ် ကစားသမားတွေသွားပြိုင်ကြမယ်၊ အဲဒီမှာ ချန်ပီယံဖြစ်ရင်တော့ အင်တာနေရှင်နယ် မာစတာ တိုင်တယ်ကို တိုက်ရိုက်ရတဲ့အထိကို အခွင့်အရေးရှိပြီး ဒါက သူတို့အတွက် အခွင့်အရေးတစ်ခုဖြစ်ပါတယ် " ဟု မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီးယား၊ ကာဇက်စတန်၊ မလေးရှား၊ ထိုင်း၊ အီရန်၊ ဩစတေးလျ၊ စင်ကာပူ၊ နယူးဇီလန်၊ မော်ဒိုက်၊ သီရိလင်္ကာနိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

# MNL ပြိုင်ပွဲ၌ အား/ကာသိပ္ပံကို ရန်ကုန်အသင်း အနိုင်ယူ

● ရန်ကုန်၊ အောက်တိုဘာလ(၂၂)ရက်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)ပထမနေ့အဖြစ် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယနေ့တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက ၃ ဂိုးပြတ် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ဒုတိယနေရာအတွက် နိုင်ပွဲပြန်လည် ရယူခဲ့သလို ချန်ပီယံမျှော်လင့်ချက်အတွက်လည်း ရှမ်းယူနိုက်တက်အသင်းကို ဆက်လက် ဖိအားပေးနိုင်ခဲ့သည်။ ဒုတိယအကျော့တွင် ခြေစွမ်းပိုင်းမတည်ငြိမ်သေးသည့် အား/ကာသိပ္ပံအသင်း ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ ၁၇ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ထက်ဖြိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း



ကစားပုံ ပိုကောင်းလာပြီး ၂၉ မိနစ်တွင် သူရိန်စိုး နှင့် ၄၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဂျူနီယာတို့က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်အသင်းက ထိန်းကစားသွားခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၅ ပွဲကစား ရမှတ် ၃၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၅ ပွဲကစား ရမှတ် ၂၁ မှတ် ရရှိထားသည်။

ပွဲစဉ် ၁၇ ဒုတိယနေ့အဖြစ် အောက်တိုဘာ ၂၃ ရက်တွင် ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ■



အားကစားသမားဆုရရှိကြသော အားကစားသမားများအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့် နှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။

ထို့နောက် အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ RRY အသင်းနှင့် အမျိုးသမီးတံခွန်စိုက်ဆုရ M.O.H.A. အသင်းတို့အား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက တံခွန်စိုက်ဖလား ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ ■

# ROTHO TAKEWONDO CHAMPIONSHIP 2022 ပြိုင်ပွဲကျင်းပ

ရန်ကုန်၊ အောက်တိုဘာလ(၂၂)ရက်။

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် Rotho - Mentholatun (Myanmar)Co.,Ltd. တို့ ဦးစီးကျင်းပသော (ROTHO TAKEWONDO CHAMPIONSHIP 2022) ပြိုင်ပွဲကို ယနေ့ နံနက်၈နာရီ ၃၀မိနစ်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ(ဘူယောင်း တိုက်ကွမ်ဒို လေ့ကျင့်ရေးစင်တာ)တွင် ကျင်းပရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်၊ အားကစား နှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်း၊ Rotho-Mentholatun(Myanmar) Co.,Ltd MD ဒေါ်စန္ဒာရွှေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒိုင်လူကြီးများနည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင် ပရိသတ်များတက်ရောက်ကြသည်။

ရှေးဦးစွာ Rotho-Mentholatun(Myanmar) Co.,Ltd MD ဒေါ်စန္ဒာရွှေက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ပြောကြား၍ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က ကျေးဇူးတင်စကားပြောကြားပြီးပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အောင်ဆန်းတိုက်ကွမ်ဒိုအသင်းက သရုပ်ပြသပြီးပြိုင်ပွဲအားဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ ခါးစည်းအနက် (Kukki-Won) ဒန်အဆင့် ရရှိထားသူများ နှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ခါးစည်းအစိမ်းမှ အနီ(၁)ဒီဂရီအထိ ရရှိထားသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တွင် မှတ်ပုံတင်သွင်း အသိအမှတ်ပြုထားသော အသင်းအဖွဲ့ဝင်များနှင့် အပြည်ပြည်ဆိုင်ရာ ခါးစည်းအနက်ဖြေဆိုထားသူများ ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်ကြောင်း သိရှိရသည်။















ခရစ်ကက်အားကစားနည်းဆောင်ပုဒ်

သိမ်မွေ့ စွမ်းပကား ခရစ်ကက် အားကစား



# MFF Grassroots Football Festival 2022 ကျင်းပ

● ရန်ကုန်၊ အောက်တိုဘာလ(၂၃)ရက်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့် လူငယ် ဘောလုံးဖွံ့ဖြိုးရေး အစီအစဉ်များအတိုင်း MFF Grassroots Football Festival 2022 လူငယ်ဘောလုံးပွဲတော်ကို ယနေ့ နံနက်(၇)နာရီက သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် လူငယ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းလှိုင်၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ နည်းစနစ် ဒါရိုက်တာဦးတင်မြင့်အောင်နှင့် ဌာနတာဝန်ခံများ၊ နည်းပြဆရာများနှင့် ကျောင်းသား လူငယ်များ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် လူငယ်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ယင်းနောက် အခြေခံ ဘောလုံး ပညာသင်ကြားမှုများကို နည်းပြဆရာ/ဆရာမများက ကျောင်းသား လူငယ်များအား သင်ကြားပို့ချပေးခဲ့ကာ အားကစားနှင့်ပျော်ရွှင်မှုကို ဖော်ဆောင်မိတ်ဆက်ပေးခဲ့သည်။

ယနေ့ ကျင်းပသည့် MFF Grassroots Football Festival 2022 သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား/ကျောင်းသူများနှင့်ဆရာ/ဆရာမ အင်အား ၃၅၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။

# ROTHO TAKEWONDO CHAMPIONSHIP 2022 ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကျင်းပ

● ရန်ကုန်၊ အောက်တိုဘာလ(၂၃)ရက်။

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် Rotho Mentholatun (Myanmar)Co.,Ltd.တို့ ဦးစီးကျင်းပသော (ROTHO TAKE-WONDO CHAMPIONSHIP 2022) ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၅နာရီအချိန်ကရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ (ဘူယောင်းတိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာ)တွင် ကျင်းပရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်၊ Rotho-Mentholatun (Myanmar) Co.,Ltd MD ဒေါ်စန္ဒာရွှေနှင့်ဖိတ်ကြား ထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒိုင်လူကြီးများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသား/အမျိုးသမီး "အတိုက်"(Kyorung)နှင့် "က"ကွက် (Poomsae) ပြိုင်ပွဲများ၊ သက်ငယ်တန်း(Cadet)အဆင့်၊ ဂျူနီယာတန်း(Junior) အဆင့် ကီလိုတန်းအလိုက် ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာခါးစည်းအနက် (Kukki-Won) ဒန်အဆင့် ရရှိထားသူများ၊ ခါးစည်းအစိမ်းမှ အနီ(၁)ဒီဂရီအထိရရှိထားသူ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ အကောင်းဆုံးနည်းပြ၊ အတိုးတက်ဆုံး၊ အတက်ကြွဆုံး၊ အသန့်ရှင်းဆုံး နှင့် အကောင်းဆုံး ဒိုင်လူကြီးဆုများကို ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်၍လည်းကောင်း၊

⋙









# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုဆန်းစစ်လက်ရည်စမ်း ဂျူဒိုပြိုင်ပွဲကျင်းပ










● ရန်ကုန်၊ အောက်တိုဘာလ(၂၇)ရက်။

၂၀၂၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဆန်းစစ် လက်ရည်စမ်း ဂျူဒိုပြိုင်ပွဲကို ယနေ့ နံနက် (၉)နာရီအချိန်တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်












ခါးစည်းအရောင်အဆင့်တံခွန်စိုက်ဒိုင်းဆုရရှိသူများ ရွှေ(၇)ခု၊ ငွေ(၈)ခု၊ ကြေး(၆)ခု ရွှေပြည်သာအသင်း၊ ရွှေ(၇)ခု၊ ငွေ(၆)ခု၊ ကြေး(၁၃)ခု အောင်ဆန်းအသင်း၊ ရွှေ(၃)ခု၊ ငွေ(၄)ခု၊ ကြေး(၁၂)ခု YTC အသင်းတို့အား Rotho-Mentholatun (Myanmar) Co.,Ltd MD ဒေါ်စန္ဒာရွှေမှုလည်းကောင်း၊ ခါးစည်းအနက်အဆင့် တံခွန်စိုက်ဒိုင်းဆုရရှိသူများ ရွှေ(၁၂)ခု၊ ငွေ(၁၄)ခု၊ ကြေး(၁၈)ခု အောင်ဆန်းအသင်း၊ ရွှေ(၆)ခု၊ ငွေ(၁)ခု၊ ကြေး(၄)ခု Dragon အသင်း၊ ရွှေ(၃)ခု၊ ငွေ(၃)ခု၊ ကြေး(၆)ခု စံပြဖိုက်တာအသင်းတို့အား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြပဟန်တို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုဆန်းစစ်လက်ရည်စမ်း ဂျူဒိုပြိုင်ပွဲ နှင့် ဆုပေးပွဲ အခမ်းအနားကျင်းပ











● ရန်ကုန်၊ အောက်တိုဘာလ(၂၈)ရက်။

၂၀၂၃ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုဆန်းစစ်လက်ရည်စမ်း ဂျူဒိုပြိုင်ပွဲ နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၊ အားကစား နှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂျူဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမှာစကားပြောကြားပြီး အကြိုဆန်းစစ်လက်ရည်စမ်း ဂျူဒိုပြိုင်ပွဲတွင် ဝိတ်တန်း (-81kg)၊ (-57kg)၊ (-66kg)၊ (-73kg)၊ (-48kg)၊ (-52kg)၊ (-70kg)၊ (-60kg)၊ (-45kg)၊ စုစုပေါင်း ဝိတ်တန်းကိုးတန်းဖြင့် ပတ်လည်နှင့်ရှုံး/ထွက်စနစ် ယှဉ်ပြိုင်ကစားအပြီးတွင် အမျိုးသား၊အမျိုးသမီးပထမ၊ ဒုတိယနှင့်တတိယဆု ရရှိကြသူများ၊ အမျိုးသား အကောင်းဆုံး အားကစား

စာမျက်နှာ(၆၆)သို့








ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ အမှုဆောင်များ၊ နည်းပြများနှင့် လက်ရွေးစင် အားကစားသမားများ တက်ရောက်ကြပါသည်။

အဆိုပါအကြိုဆန်းစစ် လက်ရည်စမ်း ဂျူဒိုပြိုင်ပွဲတွင် ဝိတ်တန်း (-81kg)၊ (-57kg)၊ (-66kg)၊ (-73kg)၊ (-48kg)၊ (-52kg)၊ (-70kg)၊ (-60kg)၊ (-45kg)၊ စုစုပေါင်း ဝိတ်တန်း(၉)တန်းဖြင့် ပတ်လည်နှင့်ရှုံး/ထွက်စနစ် ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲအား ၂၈-၁၀-၂၀၂၂ ရက်နေ့တွင် ဆုပေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။















စာမျက်နှာ(၆၅)...မှ စာဆက်

သမားဆုရ(-73Kg)မှ ခေါ်ရမ်စိုင်း အောင်နှင့်အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ (-48Kg) မှ အိအိဝင်းတို့အား၊ မြန်မာနိုင်ငံ ဂျူဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေကြည်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ အမှုဆောင်များက ဆုတံဆိပ်၊ Kodokan ခါးစီး ဒါန် အောင်လက်မှတ်များ နှင့်လက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

## အားကစား၏အကျိုးကျေးဇူးများ

(၁) ကျန်းမာခြင်း သုခမှုချခံစားရမည်။

(၂) မိသားစု အားလုံး ကျန်းမာပျော်ရွှင်စေမည်။

(၃) လူငယ်/မောင်မယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရမည်။

(၄) နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေရမည်။

(၅) လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရမည်။

(၆) နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရမည်။

# AFF Mitsubishi Cup 2022 ပြိုင်ပွဲတွင် ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ အုပ်စုတစ်ခုတည်းတွင် ကျရောက်လျက်ရှိ

Mitsubishi Electric Cup ဟု အမည်ပြောင်းထားသော ယခုနှစ် ပြိုင်ပွဲ၏ ပထမအုပ်စုပွဲစဉ်၏ အုပ်စု(က)တွင် လက်ရှိချန်ပီယံထိုင်းအသင်းနှင့် ပြီးခဲ့သည့်နှစ်က ဒုတိယရရှိသော အင်ဒိုနီးရှားအသင်းတို့သည် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီးဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့အပါအဝင် ဘရူနိုင်းနှင့် တီမောလက်စ်တို့ ရှုံးထွက်ပြိုင်ပွဲတွင် အနိုင်ရရှိသည့်အသင်းကအုပ်စု(က)တွင် ပါဝင်ရမည်ဖြစ်ကြောင်း ဘန်ကောက်သတင်းတွင် ဖော်ပြထားပါသည်။

အုပ်စု(ခ)တွင် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ဗိုလ်စွဲခဲ့သော ဗီယက်နမ်အသင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဗိုလ်စွဲခဲ့သော မလေးရှားအသင်း၊ (၄)ကြိမ် ဗိုလ်စွဲခဲ့ဖူးသော စင်္ကာပူအသင်းအပြင် မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်မည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်ကတည်းက



ကျင့်သုံးခဲ့သည့် အိမ်ကွင်း/အဝေးကွင်း စနစ်အတိုင်း ပြန်လည်ကျင်းသုံး ကျင်းပမည်ဖြစ်ရာ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာလ(၂၃)ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပြီးအသင်း (၅)သင်းပါ အုပ်စု(၂)စုမှ ထိပ်ဆုံးအသင်း(၂)သင်း စုစုပေါင်း(၄)သင်းသည် ဇန်နဝါရီလ (၁၂) ရက်နှင့် (၁၅)ရက်တို့တွင် အကြိုဗိုလ်လုပွဲသို့ နှစ်ကျော့ကစားကြမည်ဖြစ်ပါသည်။

ထိုင်းနည်းပြ Mano Polking က ယခုနှစ် ကျင်းပသော အာဆီယံဘောလုံးတံခွန်စိုက်ပြိုင်ပွဲကို အိမ်ကွင်းနှင့်အဝေးကွင်းပုံစံဖြင့် ပြန်လည်ကျင်းပမည်ဖြစ်သောကြောင့် မိမိတို့အနေဖြင့် အိမ်ကွင်း ပွဲစဉ်တွင် ထိုင်းပရိသတ်များ၏ အားပေးနိုင်မြင့်မှုကို ရရှိမည်ဖြစ်ပါကြောင်း၊ အုပ်စု(က)တွင် ပါဝင်သော အသင်းများကို သိရှိပြီးဖြစ်သည့်အတွက်ချန်ပီယံဆုကို ကာကွယ်ရန်အတွက် မဟာဗျူဟာအစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်အသင်းကိုမှ အထင်သေး၍ မရပါကြောင်း၊ အသင်းအားလုံးကလည်း ကောင်းကြပါကြောင်း၊ ထို့ကြောင့် ချန်ပီယံဆုကို ကာကွယ်ရန် မည်သည့်အခါကမျှ မလွယ်ကူပါကြောင်း၊ သို့သော်မိမိတို့အနေဖြင့် ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။


ဘာသာပြန်- အား/ကာဦးစီးဌာန စီ/သုရုံးအဖွဲ့

# ဆီးဂိမ်းပြိုင်ပွဲအတွက် ကမ္ဘောဒီးယားအမျိုးသားအားကစားပွဲတော် ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားကို ရှေ့ပြေးအဖြစ် စမ်းသပ်ကျင်းပမည်

ကမ္ဘောဒီးယားအရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ(CAMSOC) သည် လာမည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် သမိုင်းဝင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများအတွက် ရှေ့ပြေးစမ်းသပ်မှုအနေဖြင့် တတိယအကြိမ်မြောက် ကမ္ဘောဒီးယားအမျိုးသားအားကစားပွဲတော် ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားများကို Morodok Techo အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်ပါသည်။

စက်တင်ဘာလ(၁၅)ရက်နေ့က ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီး CAMSOC ၏ ဒုတိယဥက္ကဋ္ဌ Thong Khon ကြီးမှူးကျင်းပသည့် အစည်းအဝေးတွင် အားကစားကွင်း/ရုံဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးဆပ်ကော်မတီ၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီတို့ ပါဝင်တက်ရောက်ခဲ့ကြပြီး အဆိုပါအစည်းအဝေးတွင် အခမ်းအနားသို့ တက်ရောက်မည့် အရေးကြီး ပုဂ္ဂိုလ်အတွက် မိန့်ခွန်းပြောကြားမည့် စင်မြင့်အပါအဝင်ထိုင်ခုံများကို စီစဉ် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အားကစားသမားများ နေထိုင်မည့်အဆောက်အဦးများအပါအဝင် အားကစား ပြိုင်ပွဲဆိုင်ရာ အဆောက်အအုံများ ဘေးကင်းလုံခြုံရေးအတွက် လိုအပ်ချက်များကို



စစ်ဆေးရန်ကိစ္စကိုလည်း အလေးထား ဆွေးနွေးခဲ့ကြသည်။ ပြိုင်ပွဲကာလအတွင်း အားကစားသမားများနှင့် နည်းပြများ တည်းခိုနေထိုင်ရေးအတွက် ကုတင်(၃၇၀၀)ကို အားကစားအဆောက်အဦးများတွင် နေရာချထားရန် အစီစဉ်များကိုလည်း တွက်ချက်ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့အပြင် VIP များ၏ ဝင်ပေါက်၊ အားကစားသမားများအတွက် ဝင်ပေါက်နှင့် အစည်းအဝေး တက်ရောက်လာသူများအတွက် ဂိတ်များကိုလည်း အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

အမျိုးသား အားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားပြင်ဆင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် လူတိုင်းလူတိုင်း နေရာထိုင်ခင်းများ လွယ်ကူစွာ ရှာဖွေနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်မှုများကို နိုဝင်ဘာလ(၂၁)ရက်နေ့နှင့် (၃၀)ရက်နေ့တို့တွင် ပြုလုပ်မည်ဖြစ်ပြီး လာမည့် ၂၀၂၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက် ရှေ့ပြေးစမ်းသပ်မှုစီမံကိန်းအဖြစ် သဘောထားပြီး လက်တွေ့ကျကျ လေ့ကျင့်မှုများပြုလုပ်ရန် CAMSOC ကော်မတီတစ်ခုအတွက် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားသည် လူစုလူဝေး ပရိသတ်များကို ၎င်းတို့၏နေရာ ထိုင်ခုံများသို့ လည်းကောင်း၊ အားကစားသမားများကို ၎င်းတို့၏ လော့ကာခန်းများဆီသို့လည်းကောင်း၊ စနစ်တကျလမ်းညွှန် ခေါ်ဆောင်သွားနိုင်ရမည်ဖြစ်ပြီး ရှေ့ပြေး စီမံကိန်းအဖြစ် နည်းစနစ်များ ကောင်းမွန်သေချာစွာ အလုပ်လုပ်နိုင်ရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် အများပြည်သူဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်း/စည်းကမ်းများကိုပါ ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် စနစ် ချို့ယွင်းချက် အများအယွင်း တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက အဆိုပါ စနစ်ချို့ယွင်းချက်များကို တရားဝင် ပြိုင်ပွဲမကျင်းပမီ အကောင်းမွန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

"မိမိတို့(CAMSOC)အနေဖြင့် လုပ်ငန်းပြက္ခဒိန်နှင့် လမ်းပြမြေပုံကို လိုက်နာပြီး အဆင့်ဆင့် လုပ်ဆောင်နေပါကြောင်း၊ ရေရှည်အစီအစဉ်နှင့် မဟာဗျူဟာမြောက် အစီအစဉ်များအားလုံးကို မိတ်ဆက်လိုက်ခြင်းသည် အိမ်ရှင်အဖြစ် ပြင်ဆင်မှုနှင့်ပတ်သက်ပြီး ထိရောက်သည့်နည်းလမ်းတစ်ခု ဖြစ်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း" NOCC ၏အထွေထွေအတွင်းရေးမှူးချုပ် Vath Chamroeun က ပြောကြားခဲ့ပါသည်။

ဘာသာပြန်- အား/ကာဦးစီးဌာန စီ/သုရုံးအဖွဲ့

# ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ ကျန်ရှိသည့် (၈)လတာ ကာလတွင် ကြိုတင်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်

ကမ္ဘောဒီးယားနိုင်ငံသည် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ ဒေသတွင်း အကြီးကျယ်အဆင့်မြင့်ဆုံးဖြစ်သော ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရန် (၈)လသာ ကျန်ရှိတော့သည့် အချိန်တွင် အဆိုပါပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိပါသည်။

ကမ္ဘောဒီးယားအရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ နောက်ဆုံးအကြိမ် အစည်းအဝေးတွင် အဆိုပါပြိုင်ပွဲဆိုင်ရာ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပမည့် အသေးစိတ်အစီအစဉ်ကို ကမ္ဘောဒီးယား အိုလံပစ်ကော်မတီက ထုတ်ပြန်ထားပါသည်။

ယမန်နေ့က ဖနွမ်းပင်မြို့တော်ရှိ ကမ္ဘောဒီးယားအမျိုးသားအိုလံပစ်ကော်မတီ(NOCC) ရုံးချုပ်တွင် တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆပ်ကော်မတီများ ပါဝင်သော အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘောဒီးယား ဆီးဂိမ်းကျင်းပရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E Thong Khon က Morodok Techo National Stadium တွင် ကျင်းပပြုလုပ်မည့် ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်မည့် VIP ဧည့်သည်တော်များ၏ အဝင်/အထွက်ကိစ္စအပါအဝင် ဝါစဉ်အလိုက် နေရာချထားပေးနိုင်ရန်အတွက် အဆင်သင့်ဖြစ်စေရေး လိုအပ်ကြောင်း၊ အဆိုပါ အခမ်းအနားနှစ်ခုလုံးသို့ တက်ရောက်မည့် အရေးကြီး ပုဂ္ဂိုလ်များ နေရာယူမည့် ထိုင်ခုံများကို အလွယ်တကူရှာဖွေနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း မှာကြားခဲ့မှုကို NOCC ၏ အထွေထွေအတွင်းရေးမှူးချုပ် Vath Chamroeun က ပြောကြားခဲ့ပါသည်။

အဆိုပါဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများသို့ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တီမော၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများနှင့်အခြားသော VIP ပုဂ္ဂိုလ်များတက်ရောက်မည်ဟု မျှော်လင့်ထားပြီး ယခင်ကအရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲဟု လူသိများသည့် ၁၉၅၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံမှ အားကစားတာဝန်ရှိသူများသည် အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများကို ကြီးကျယ် ခမ်းနားစွာဖြင့် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အခမ်းအနား နှစ်ခုလုံးတွင် ထင်ရှားကျော်ကြားသော အကာသမားများ၊ ကိုယ်ခံပညာရှင်များ၊ အခြားသော အနုပညာရှင်များပါဝင်သည့် အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေပွဲများကို ထည့်သွင်းပြသရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာသူများက အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်မည့် ဧည့်သည်များ/ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။



အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယားနိုင်ငံသို့ အာဆီယံဒေသတွင်းနိုင်ငံများမှ အားကစားသမားများ၊ နည်းပြများ၊ ဒိုင်လူကြီးများနှင့် အခြားအားကစားအရာရှိ (၁၀၀၀၀)ကျော် တက်ရောက်မည်ဟု ဒေသတွင်း မီဒီယာများမှ ဖော်ပြထားရှိပါသည်။

ပြိုင်ပွဲသို့ လာရောက်သူ အများစုကို ကွင်းသစ်နှင့်ကပ်လျက် (၆) ဟက်တာ ကျယ်ဝန်းသည့် မြေနေရာတွင် တည်ဆောက်ထားသည့် World Bridge Sports Village တွင် ထားရှိမည်ဖြစ်ပြီး လူနေအိမ်ခန်းပေါင်း (၁၃၀၀)ကျော်၊ ဈေးဝယ်စင်တာများ၊ အားကစားပြတိုက်များ ပါဝင်သည့် အဆောက်အဦ(၁၂)ခု ပါရှိမည်ဟု ပြည်တွင်းမီဒီယာများ၏ အဆိုအရ သိရပါသည်။

ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီသည် အားကစားသမားများ၊ လာရောက်လည်ပတ်သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် အခြားအဖွဲ့ဝင်များအတွက် အစားအသောက်များ ချက်ပြုတ် ကျွေးမွေးမည့် ကုမ္ပဏီကို မကြာမီရွေးချယ်မည်ဖြစ်ကြောင်း NOCC က အကြောင်းကြားခဲ့ပါသည်။

ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆိုင်ရာ လှုပ်ရှားမှုကို ကမ္ဘောဒီးယားနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် အစောပိုင်းကတည်းက စတင်ဆောင်ရွက်ခဲ့ကြပါသည်။

လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့မှ (၁၆)ရက်နေ့အထိ ဖနွမ်းပင်၊ စီရမ်ရိ၊ ပရာစီဟာနုနှင့် အခြားပြည်နယ်များတွင် နေရာခွဲ၍ ကျင်းပမည် ဖြစ်ကြောင်းသိရှိရပါသည်။

ဘာသာပြန်- အား/ကာဦးစီးဌာန၊ စီ/သုရုံးအဖွဲ့

ပြိုင်ပွဲအဆင့်ဆင့် ကျင်းပကာ ⇨ ⇨ လက်ရွေးစင်များ ရွေးချယ်ပါ။
နိုင်ငံအတွက် ကြိုးပမ်းမနေး ⇨ ⇨ ဆုတံဆိပ်များ ယူကာပေး

# ကမ္ဘောဒီးယားအရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ(CAMSOC)နှင့် Khmer Times မီဒီယာတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုး

ကမ္ဘောဒီးယားအရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် Khmer Times မီဒီယာတို့ သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို သောကြာနေ့က ဖနွမ်းပင်မြို့ရှိ ကမ္ဘောဒီးယား အမျိုးသားအိုလံပစ်ကော်မတီရုံး (NOCC) ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ အမှုဆောင်အရာရှိချုပ် Vath Chamroeun နှင့် Khmer Times သတင်းစာထုတ်ဝေသူ Mohan Bandam တို့သည် နှစ်ဖက်အဖွဲ့အစည်းများ ကိုယ်စားအဆိုပါနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Eldeen Husaini Mohd Hasim မှ နှစ်ဖက်အသိသက်သေအဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။

ကမ္ဘောဒီးယားအရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီ(CAMSOC) သည် ကမ္ဘောဒီးယားနိုင်ငံမှ ပထမဦးဆုံးအကြိမ် ၂၀၂၃ ခုနှစ်၊ မေလ(၅)ရက်နေ့မှ (၁၆)ရက်နေ့အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

သဘောတူညီမှုစာချုပ်၏ အဓိကရည်ရွယ်ချက်မှာ Khmer Times မီဒီယာမှ ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို အထောက်အကူပြု သတင်းထုတ်ပြန်ပေးနိုင်ရန်ဖြစ်ပါသည်။

၎င်းစာချုပ်အရ ကမ္ဘောဒီးယားပြည်သူများနှင့် အရှေ့တောင်အာရှလူမှုအသိုင်းအဝိုင်းများထံသို့ ကမ္ဘောဒီးယားနိုင်ငံ၏ ပြင်ဆင်မှုများနှင့် ပြိုင်ပွဲကာလအတွင်းနောက်ဆုံးရအားကစားပြိုင်ပွဲဆိုင်ရာ သတင်းအချက် အလက်များကို အပြုသဘောဖြင့် ဖော်ပြပေးရန်၊ "အားကစားလှုပ်ရှားမှုဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပါ" ဟူသော "Live in Peace" ဆောင်ပုဒ်နှင့်အညီ သတင်းထုတ်ပြန်ပေးရန်ဖြစ်သည်။



အခြားသောရည်ရွယ်ချက်မှာ ပြည်တွင်း/ပြည်ပမီဒီယာများအနေဖြင့် သတင်းများနှင့် ဓာတ်ပုံများကို (CAMSOC ၏ ခွင့်ပြုချက်ဖြင့်) ထုတ်ဝေခွင့်နှင့် မျှဝေသုံးစွဲခွင့်၊ ဝင်/ထွက်ခွင့်နှင့် အားကစားသမားများအပါအဝင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပက်သက်သည့်သတင်းများကို အချက်အလက်စုံလင်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနိုင်ရန်၊ Cambodia 2023 Website ကမ္ဘောဒီးယားအင်တာနက်သတင်းစာမျက်နှာပေါ်မှတစ်ဆင့်တင်ပြ ဆောင်ရွက်နိုင်ရန်နှင့်သတင်းအချက်အလက်ဗဟိုဌာနကို ဖွင့်လှစ်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

ပြည်သူ့ဆက်ဆံရေးခေါင်းစဉ်အောက်တွင် အားကစားပြိုင်ပွဲများ၏ ဆောင်ပုဒ်ဖြစ်သည့် "အားကစားလှုပ်ရှားမှုဖြင့် ငြိမ်းချမ်းစွာ နေထိုင်ပါ"ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနည်းစနစ်များနှင့် အားကစားနည်းများ ပိုမိုဖွံ့ဖြိုးလာစေရန်၊ ၂၀၂၃ ခုနှစ် အားကစားပြိုင်ပွဲကာလအတွင်း စည်းလုံးညီညွတ်သော ဆက်သွယ်ရေးမဟာဗျူဟာဖော်ဆောင်ရန်၊ အားကစားပြိုင်ပွဲနှင့်ဆက်စပ်သူများအား သတ်မှတ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးဆိုင်ရာဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် ဖြစ်ပါသည်။

မီဒီယာအချင်းချင်း သတင်းဆက်ဆံမှုအပိုင်းတွင် သဘောတူညီမှုမှ ထုတ်ပြန်လိုက်သည့်သတင်းအချက်အလက်များတွင် အရည်သွေး ပြည့်မီသော သတင်းအချက်အလက်များ ပေါ်ထွက်လာစေရေး ကြီးကြပ်ကွပ်ကဲပေးရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ပြည်တွင်း ပြည်ပအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခိုင်မာသည့် ဆက်ဆံရေးကို မြှင့်တင်နိုင်ရန်၊ နိုင်ငံတကာမျက်နှာစာတွင် CAMSOC မှ ဖွဲ့စည်းပေးထားသည့် မီဒီယာကော်မတီ၏ပုံရိပ်ပိုမို မြင့်မားလာစေရေး ပံ့ပိုးကူညီပေးရန်၊ ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြီးနောက် ၂၀၂၉ ခုနှစ် အာရှလူငယ်အားကစားပြိုင်ပွဲကျင်းပချိန်တွင် ပိုမိုခိုင်မာသော မီဒီယာပလက်ဖောင်းတစ်ခု ထူထောင်ရန်တို့ဖြစ်ပါသည်။

သဘောတူညီချက်အရ CAMSOC ၏ အဓိကတာဝန်မှာ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယား အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် အားကစားသမားများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းခြင်းများအပါအဝင် လိုအပ်သော အကူအညီများပေးအပ်ရန် ဖြစ်ပါသည်။ CAMSOC မှ ဆောင်ရွက်သော လှုပ်ရှားမှုများ၊ အခမ်းအနားများနှင့် ပြိုင်ပွဲဆိုင်ရာသတင်း အချက်အလက်များ ရယူခြင်း၊ Khmer Times မီဒီယာအား အားကစားပြိုင်ပွဲအတွက် တရားဝင် မီဒီယာမိတ်ဖက်အဖြစ် ခန့်အပ်ခြင်းနှင့် သီးခြားရည်မှန်းချက်များအတွက် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးအပြင် နားလည်မှု စာချွန်လွှာ၏ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် နှစ်ဦး နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်နိုင်သော နည်းလမ်းများကို သတ်မှတ်လုပ်ဆောင်ကြရန် ဖြစ်ပါသည်။

ပြိုင်ပွဲကျင်းသည့် ကာလတစ်လျှောက်လုံးတွင် Khmer Times မီဒီယာနှင့် CAMSOC တို့ ပူးပေါင်း၍ ကမ္ဘောဒီးယားနိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးရန်ဖြစ်ပါသည်။

CAMSOC နှင့် ညှိနှိုင်း ဆောင်ရွက်ရာတွင် စာချုပ်ပါအချက်များအရ Khmer Times မီဒီယာကို အသုံးပြု၍ ဈေးကွက်တွင် အရောင်းမြှင့်တင်ရေးလုပ်ငန်းများအားလုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

မီဒီယာဝန်ထမ်းများ သတင်းထုတ်ဝေရာတွင် Khmer Times မီဒီယာအား ကူညီရန် စေတနာ့ဝန်ထမ်းများအပါအဝင် နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် လှုပ်ရှားဆောင်ရွက်ခြင်းများအပေါ် အကောင်းဆုံးမီဒီယာလွှမ်းခြုံမှုဖြင့် အောင်မြင်မှုရရှိစေရေးတို့ဖြစ်ပါသည်။

ဘာသာပြန်- အား/ကာဦးစီးဌာနစီ/သုရုံးအဖွဲ့

ဘတ်စကက်ဘော အားကစားနည်း ဆောင်ပုဒ်

"Unity Through Basketball"



နောက်ကျောဖုံးသတင်း ...မှ စာဆက်

၂၀၂၂ ခုနှစ်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ (၃း၀၀) နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ် ခဲ့ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ဒေါက်တာ ဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။









ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ဘောလုံးအားကစား ကျယ်ပြန့်စွာ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဘောလုံး အားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမို ထွန်းကား ပြန့်ပွားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ် ဘောလုံး အားကစားသမားများ ပေါ်ထွက်လာ စေရေးတို့အတွက် အဓိကရည်ရွယ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများကို ကျင်းပ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်လူငယ်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး လူငယ်ဘောလုံး ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဘောလုံး အကယ်ဒမီကျောင်းများ ဖွင့်လှစ်ခြင်း၊ သက်တမ်းအလိုက်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြည်ပပြိုင်ပွဲများ စေလွှတ် ယှဉ်ပြိုင်







>>>

စေခြင်း၊ အိမ်ရှင်အဖြစ် လက်ခံ၍ ဖိတ်ခေါ်ပွဲများ ကျင်းပပေးရခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး၊ League ပြိုင်ပွဲများကိုလည်း ယနေ့ထိတိုင် ကျင်းပနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

နိုင်ငံတော်မှ အားကစားကို အားပေးပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသလို အားကစားသမားများ ဘက်မှလည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံတော် ဂုဏ်သိက္ခာကျစေမည့် ပြုမူ ဆောင်ရွက်မှုမျိုးကို မပြုလုပ်မိစေရန် အထူးမှာကြားလိုကြောင်း၊ ယခု ဘောလုံးပြိုင်ပွဲသည် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေးအတွက် အခြေခံပြိုင်ပွဲကောင်း တစ်ခုဖြစ်ပြီး ယခုပြိုင်ပွဲမှ တစ်ဆင့် သွေးသစ်လူငယ်ဘောလုံး အားကစားသမားများကို မြန်မာ့လက်ရွေးစင်လူငယ်ဘောလုံးအသင်းက ရွေးချယ်လေ့ကျင့်ပေးပြီး နိုင်ငံ့ကိုယ်စားပြု ပါဝင်ကစားနိုင်သည်အထိ အောင်မြင်မှုများ ရရှိနိုင်ရန် လေ့ကျင့်ပြုစု ပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ထူးချွန်သည့် လူငယ်ဘောလုံး အားကစားသမားအများအပြား ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့် ယုံကြည် ထားပါကြောင်း၊ ဒါကြောင့် ပြိုင်ပွဲ၏ ရည်မှန်းချက်မြင့်မားသည်နှင့်အမျှ ပြိုင်ပွဲ၏ အနှစ်သာရများ အကောင်အထည်ပေါ်လာအောင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း၊

ပြိုင်ပွဲဝင်အားကစားသမားများကလည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်နှင့် ဒိုင်လူကြီးများကလည်းဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု ပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှ အားထားရသော ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများအား လိုက်လံနှုတ်ဆက်ခဲ့ပြီးနောက် ယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၁)ဂိုးစီဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၂)ဂိုးစီဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင် ကစားခဲ့ကြပါသည်။

■




မန္တလေးတိုင်း ဒေသကြီးတွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ်(၄)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၅)ခုဖြင့် အဆင့်တတိယ ရရှိခဲ့သော အောင်ပွဲရ ကချင်ပြည်နယ်အသင်းအား လေဆိပ်၌ ကြိုဆိုဂုဏ်ပြုစဉ်။









# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်



ရန်ကုန်၊ အောက်တိုဘာလ(၂၅)ရက်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၂/၂၀၂၂)ကို ၂၅-၁၀-၂၀၂၂ရက်နေ့၊ မွန်းလွဲ(၂း၀၀)နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် အားကစားကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ SURAKATA(SOLO)မြို့၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းအားကစားသမား (၆၉)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်(၁၄)ခု၊ ငွေတံဆိပ်(၁၂)ခုနှင့် ကြေးတံဆိပ်(၁၇)ခု၊ စုစုပေါင်း ဆုတံဆိပ် (၄၃)ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ(၁၁)နိုင်ငံအနက် အဆင့်(၆)နေရာ ရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက် ပါကြောင်း၊ အားကစားသည် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်ရေးကို အဓိကရည်ရွယ်သော်လည်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေသဖြင့် အားကစားအဆင့်အတန်း မြင့်မားရေးသည် အမျိုးသားရေး တာဝန် တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာမသန်စွမ်း အားကစားသမားများအနေဖြင့် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြသူများဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ကိုယ်တိုင် အောင်ပွဲရ မသန်စွမ်းအားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ မျိုးဆက်သစ် မသန်စွမ်း အားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် အမျိုးသားကော်မတီဝင်အားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော်၊ အောက်တိုဘာလ(၂၀)ရက်။

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် တစ်မျိုးသား လုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြှင့်တင်ရေး ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည် ရင်းနှီးမှု တိုးတက်စေရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍

စာမျက်နှာ(၇၀)သို့



